## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

## (၃၀)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်၁၁ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်)

(ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ်အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၃၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၁၉) ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်

ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင် ပြပါမယ်။

ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ပြည်ပခရီး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်ရေးကိုယ်တာ။ ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ မိသားစုကိစ္စ။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသား လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ် ပစ္စည်း ကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုး စီးပွားများဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ပညာရှင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့

တာဝန်ပေးချက်အရ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များ ဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်း အပေါ်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ -၁၄၄
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ မတ် လ ၂၄ ရက်

၁။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ၂၀-၃-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီမှ အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီသည် ထိုသို့ အကြံပြုဆွေးနွေးခဲ့ခြင်းအပေါ် ၂၁-၃-၂၀၁၄ ရက်နေ့တွင် ဦးခင်မောင်ရီနှင့် ထပ်မံညှိနှိုင်းဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီနှင့် ညှိနှိုင်းဆွေးနွေးချက်များအရ နိဒါန်းအပိုင်းကို အရေးအသားကျစ်လျစ်စေရန်လည်းကောင်း၊ တရားစီရင်ရေးစနစ် နှင့် ကိုက်ညီစေရန်လည်းကောင်း၊ အရေးအသားအသုံးအနှုန်းများ ညီညွတ်စေရန်လည်းကောင်း အောက်ပါအတိုင်းပြင်ဆင်သင့်ကြောင်း သဘောထားရရှိခဲ့ပါသည်။

(က) ဤဥပဒေကြမ်း၏နိဒါန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက လက်ခံထားသော နိုင်ငံတကာအကျိုးစီးပွားနှင့် သက်ဆိုင်သည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများ ဆိုင်ရာ ကွန်ဗင်းရှင်း၊ (ကိပ်တောင်းကွန်ဗင်းရှင်း)နှင့် ယင်းကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ ပရိုတိုကောလ်၊ (ကိပ်တောင်း ပရိုတိုကောလ်)ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်သင့်ကြောင်း သဘောထား ရရှိခဲ့ပါသည်။

(ခ) ဥပဒေကြမ်း၏ အပိုဒ် ၂(ဆ)ပါ တရားရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် တရားစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကိုသော် လည်းကောင်း ဆိုသည့်စကားရပ်ကို ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရပါသည်။ အပိုဒ် ၂ (ဋ)တွင် ကွန်ဗင်းရှင်း အပိုဒ်(၁၇)တွင် အပိုဒ်ခွဲ(၁)ကို အထောက်အထားပြု၍ ဆိုသည့် စကားရပ်ကို ကွန်ဗင်းရှင်းအပိုဒ်(၁၇)၊ အပိုဒ်ခွဲ(၁)အရဟုလည်းကောင်း၊ အပိုဒ်၂(ဌ) တွင် ကွန်ဗင်းရှင်းအပိုဒ်(၁၇)၊ အပိုဒ်ခွဲ(၂)ကို အထောက်အထားပြု၍ ဆိုသည့်စကားရပ်ကို ကွန်ဗင်းရှင်း အပိုဒ်(၁၇)၊ အပိုဒ်ခွဲ(၂)အရဟု ပြင်ဆင်သင့်ကြောင်း သဘောထား ရရှိပါသည်။

(ဂ) ဥပဒေကြမ်း၏ အပိုဒ်(၃)ကို ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကွန်ဗင်းရှင်းသို့မဟုတ် နောက်ဆက်တွဲ ပရိုတိုကောလ်နှင့်အညီ ပြုလုပ်ထားသည့် ပုဒ်မ ၄ ပါ ကြေညာချက်များအရ ပထမဇယားဖြင့် ဖော်ပြထားသော ကွန်ဗင်းရှင်း ပါဖော်ပြချက်များနှင့် ဒုတိယဇယားဖြင့် ဖော်ပြထားသော နောက်ဆက်တွဲ ပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဤဥပဒေ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေကဲ့သို့ အာဏာ သက်ရောက်စေရမည်ဟု ပြင်ဆင်သင့်ကြောင်းသဘောထားရရှိပါသည်။

(ဃ) ဥပဒေကြမ်း အပိုဒ်(၄) အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း သဘောထားရရှိပါသည်။ ၄(က) ကွန်ဗင်းရှင်းကိုဖြစ်စေ၊ နောက်ဆက်တွဲ ပရိုတိုကောလ်ကိုဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံသည့်အချိန်တွင် ထိုကွန်ဗင်းရှင်းသို့မဟုတ် နောက်ဆက်တွဲ ပရိုတိုကောလ် ပါ ပြဋ္ဌာန်းချက်များ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော ကြေညာချက်များထုတ်ပြန်နိုင်သည်။ ၄(ခ) အထက်ပါ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက် သက်ဆိုင်ခြင်း နှင့် စပ်လျဉ်း၍ လိုအပ်သော နောက်ဆက်တွဲ ကြေညာချက်များ ထုတ်ပြန်နိုင်သည်။

၅။ ဥပဒေကြမ်းအပိုဒ်(၈)နှင့် အပိုဒ်(၁၀)တို့တွင်ဖော်ပြထားသော မည်သို့ပင်ပါရှိစေကာမူဆိုသည့် စကားရပ်များကို မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူဟူသည့် ဖြည့်စွက်ပြင်ဆင်သင့်ကြောင်းနှင့် အပိုဒ်(၉)တွင် ဖော်ပြထားသောမြန်မာနိုင်ငံဥပဒေများ အက်ဥပဒေ ပုဒ်မ ၁၀၉နှင့် ပုဒ်မ ၁၀၉(က) တို့ပါ ထိုကိစ္စအတွက်ဟူသော စကားရပ်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၀၉နှင့် ပုဒ်မ ၁၀၉(က) တို့ပါ ထိုကိစ္စရပ်များအတွက်ဟု ပြင်ဆင်သင့် ကြောင်းသဘောထားရရှိပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီက အပိုဒ်(၈)မှာ မည်သို့ပင်ပါရှိစေကာမူ ဆိုသည့် စကားရပ်ကို မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ လို့ ပြင်မယ့်အစား မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဆိုရင် ဥပဒေရေးထုံးပိုမှန်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ကို ဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရွှေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ က လက်ခံထားသော နိုင်ငံတကာ အကျိုးစီးပွားနှင့် သက်ဆိုင်သည့်ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများဆိုင်ရာကွန်ဗင်းရှင်း (ကိပ်တောင်း ကွန်ဗင်းရှင်း) နှင့် ယင်းကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ ပရိုတိုကောလ် (ကိပ်တောင်း ပရိုတိုကောလ်)တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နိဒါန်းပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် နိဒါန်း သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၁) အပိုဒ် ၂(ဆ)(ဋ)(ဌ)-

၂။ (ဆ) တရားရုံးဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၊ အပိုဒ်ခွဲ(ဇ)ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်အလို့ငှာ ကွန်ဗင်းရှင်း အပိုဒ် ၁၃ ပါ သက်သာခွင့်များ တောင်းဆိုမှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းသော တရားရုံး တစ်ခုခုကိုသော်လည်းကောင်း၊ တည်ဆဲဥပဒေအရ တည်ထောင်သည့် အနုညာတ ခုံသမာဓိရုံး တစ်ခုခု ကိုသော်လည်းကောင်း ဆိုသည်။

(ဈ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ(၁)အရ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဉ) မှတ်ပုံတင် အရာရှိဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ(၂) အရ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ် တာဝန်ပေးခြင်းခံရသော အရာရှိကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။မူလပြဋ္ဌာန်းချက်မှာ ၂(ဆ)ဖြစ်ပါတယ်။ စာမျက်နှာ(၁၀) တရားရုံးဆိုသည်မှာ ကွန်ဗင်းရှင်းအပိုဒ်(၁)၊ အပိုဒ်ခွဲပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အလို့ငှာ ကွန်ဗင်းရှင်း အပိုဒ်(၁၃)ပါ သက်သာခွင့်များ တောင်းဆိုမှုနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်ကိုသော်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းသော တရားရုံးတစ်ခုခုကိုသော်လည်းကောင်း၊ တည်ဆဲဥပဒေအရ တည်ထောင်ထားသော အနုညာတရ ခုံသမာဓိတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်ဟု ထည့်သွင်းထားပါတယ်။ အခုကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြင်လိုက်တဲ့အခါကျတော့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်ကိုသော်လည်းကောင်း ဆိုတဲ့ဟာကို မပါတော့ပါဘူးခင်ဗျား။

မပါဘဲနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းသော တရားရုံးတစ်ခုခုကိုသော်လည်းကောင်း ကနေဆက်သွားပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြချင်တာက ဒီတရားရုံးတွေမှာ စီရင်ပိုင်ခွင့်ရှိပါတယ်။ ဒီတိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တွေ ဆိုတာ သူ့အော်တိုအာဏာတွေ အပ်နှင်းထားတာဖြစ်ပါတယ်။ နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသောဆိုတာ လိုအပ်တဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်က ဘယ်ပြည်နယ်၊ ဘယ်တိုင်းမှာ ဒီအမှုကိုစစ်ဆေးစေဆိုပြီး သီးခြားအမိန့်ချတဲ့အခါတွေ တွေ့ဖူးပါတယ်။

ကျွန်တော်တို့ရန်ကုန်တွေမှာ အမှုတွေစစ်တဲ့အခါမှာ တခြားတိုင်းနဲ့ပြည်နယ်မှာ ကျူးလွန်သော်လည်း ရန်ကုန်တိုင်းမှာလုံခြုံမှုရှိတယ်။ ဥပမာ သွားရေးလာရေးလွယ်ကူတာ ဖြစ်တဲ့အတွက် ရန်ကုန်တိုင်းတရားလွှတ်တော်ကို တရားစီရင်ပိုင်ခွင့်အာဏာအပ်တယ်ဆိုပြီးတော့ တရားလွှတ်တော်ချုပ်က သီးခြားအာဏာ အမိန့်တစ်ခု ထုတ်ပေးရပါတယ်။ ထုတ်ပေးရတာဖြစ်တဲ့အတွက် မူလပြဋ္ဌာန်းတဲ့အတိုင်းဆိုရင်တော့ မှားလည်းမမှားပါဘူး။ ဒါပိုလည်းပြည့်စုံသွားပါတယ်။ ဒါက သက်သက်

တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေကို သီးခြား သူ့ကို အာဏာအပ်နှင်းထားတာပါ။ သို့သော် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကသီးခြားဆိုတာက Special Case တစ်ခုချင်း၊ တစ်ခုချင်းအပေါ်မှာ တရားလွှတ်တော်ချုပ်က တာဝန်ပေးတာဖြစ်တဲ့အတွက် ဒီတိုင်းဒေသကြီး ပြည်နယ်လွှတ်တော်ဆိုတဲ့ ဟာတော့ ကျွန်တော့်အနေနဲ့ထည့်သွင်းထားတာမမှားပါဘူးလို့ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဟိုတစ်နေ့တုန်းကတော့ ဘာဖြစ်လို့မဆွေးနွေးတာလဲ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဟုတ်ကဲ့။ ဟိုတစ်နေ့တုန်းကတော့ ကျွန်တော်။

**ဥက္ကဋ္ဌ**။ ။ သဘောမပေါက်လိုက်ဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဟုတ်ကဲ့။ ပြန်သေချာဖတ်ကြည့်လိုက်တော့မှ။

**ဥက္ကဋ္ဌ**။ ။အေးလေ။ ဥပဒေကြမ်းကော်မတီမှာ ကြားနာတဲ့အချိန်မှာ ခင်ဗျား သွားပြီးတော့ ဆွေးနွေးသင့်တယ်။ ဒါမှမဟုတ် ဦးခင်မောင်ရီဆွေးနွေးတဲ့အချိန်မှာ ထပြီးတော့ ဆွေးနွေး သင့်တာပေါ့။

**ဒုတိယဥက္ကဋ္ဌ** ။ ။ဥပဒေကြမ်းမှာတုန်းက ကျွန်တော်ကမပါတော့။

**ဥက္ကဋ္ဌ** ။ ။မပါလဲ သွားဆွေးနွေးလို့ရပါတယ်။ ဆွေးနွေးလို့မရဘူးလား။ အဲဒီတော့ ဥပဒေကြမ်းကော်မတီက ဆွေးနွေးစရာရှိရင်ဆွေးနွေးပါ။

**ဦးဇော်မြင့်ဖေ (ဥပဒေကြမ်းကော်မတီ)** ။ ။ ကျွန်တော်ကတော့ ဆရာဦးမြညိမ်း လောက်တော့ ဥပဒေကို ကျွန်တော်နားမလည်ပါဘူး။ ကျွန်တော်တို့လေ့လာပြီးတော့ မေးမြန်းလို့ရတဲ့ အချက်ကတော့ တရားရုံးချုပ်ကနေပြီးတော့ ဒါ သီးခြားအာဏာအပ်ရတယ်လို့ ပြောပါတယ်။ အာဏာ အပ်မထားလို့ရှိရင် မစီရင်နိုင်ဘူးလို့ဒီလိုပြောတဲ့အတွက် ဟိုဟာက ပိုနေမယ့် တိုင်းနဲ့ပြည်နယ်ကို ထည့်လိုက်လို့ရှိရင် ဆိုတဲ့သဘောနဲ့ ကျွန်တော်တို့ ဖြုတ်လိုက်ခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။အဲဒါ ဟိုနေ့တုန်းကတော့ ဝန်ကြီးဌာနက ပြောလို့ဆိုတဲ့အတွက် တရားရုံးကို မေးလို့ ကျွန်တော်ပြောတဲ့အခါမှာ တရားရုံးကို ထပ်မေးလိုက်လား။

**ဦးဇော်မြင့်ဖေ (ဥပဒေကြမ်းကော်မတီ)** ။ ။ဟုတ်ကဲ့။ မမေးလိုက်မိဘူး။ လောလော ဆယ်မှာ ရန်ကုန်တိုင်းတရားရုံးကိုပဲ မေးထားပါတယ်။ ဒီလိုစာချုပ်တွေချုပ်တဲ့အခါကျတော့လည်း ရန်ကုန်တိုင်းတရားရုံးနဲ့ပဲ စာချုပ်ကို ဖော်ပြထားပါတယ်။

**ဥက္ကဋ္ဌ** ။ ။မေးတော့ဘာဖြေလဲ။ ရန်ကုန်တိုင်းတရားရုံးက။

**ဦးဇော်မြင့်ဖေ (ဥပဒေကြမ်းကော်မတီ)** ။ ။ Speciece ပေးရတယ်လို့ပဲ ဒီလိုပဲ ပြောပါတယ်။ ဒီcase တွေ၊ ဒီဟာတွေက သူတို့စစ်ဆေးဖို့ဆိုလို့ရှိရင် ဒီတရားရုံးနဲ့ပဲစစ်ရတယ်။ အဲဒီလို ပေးထားတယ်လို့ပြောပါတယ်။ တိုင်းတရားရုံးတွေအားလုံးကတော့ သူကမစစ်နိုင်ဘူး။ အဲဒီလို သဘောပဲ ကျွန်တော်တို့နားလည်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ကောင်းပြီ။ ဒီအတိုင်းပဲ ဆုံးဖြတ်တာပေါ့။

**ဦးဇော်မြင့်ဖေ (ဥပဒေကြမ်းကော်မတီ)** ။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ** ။ ။အဲဒီတော့ လွှတ်တော်ရဲ့သဘောထားပြန်မေးပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁) အပိုဒ် ၂(ဆ) (၂)(၅) ပြင်ဆင်ချက် အတည်ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁) အပိုဒ်၂(ဆ)(၂)(၅) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၂) အပိုဒ် ၃၊ အပိုဒ် ၄(က)(ခ) -

၃။ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကွန်ဗင်းရှင်း သို့မဟုတ် နောက်ဆက်တွဲ ပရိုတိုကောလ်နှင့်အညီ ပြုလုပ်ထားသည့် ပုဒ်မ ၄ ပါ ကြေညာချက်များအရ ပထမဇယားဖြင့် ဖော်ပြထားသော ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ဒုတိယဇယားဖြင့် ဖော်ပြထားသော နောက်ဆက်တွဲ ပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေကဲ့သို့ အာဏာသက်ရောက်စေရမည်။

၄။ (က) ကွန်ဗင်းရှင်းကိုဖြစ်စေ၊နောက်ဆက်တွဲ ပရိုတိုကောလ် ကိုဖြစ်စေ၊ အဖွဲ့ဝင် အဖြစ် သဘောတူ လက်ခံသည့်အချိန်တွင် ထိုကွန်ဗင်းရှင်း သို့မဟုတ် နောက်ဆက်တွဲ ပရိုတိုကောလ် ပါ ပြဋ္ဌာန်းချက်များ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ကိုသော်လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော ကြေညာချက် များ ထုတ်ပြန်နိုင်သည်။

(ခ) အထက်ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်များ အကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော နောက်ဆက်တွဲ ကြေညာချက်များ ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂) အပိုဒ် ၃၊ အပိုဒ် ၄(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂) အပိုဒ် ၃၊ အပိုဒ် ၄(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၄) အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ (က)(ခ) (ဂ) -

၈။ တည်ဆဲဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ ပထမဇယားနှင့်ဒုတိယဇယားတို့၌ ဖော်ပြထားသော ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၉။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများကို ဖြစ်စေ၊ လေယာဉ်ပစ္စည်း ကိရိယာများကိုဖြစ်စေ အပေါင်အနှံပြုလုပ်ခြင်း သို့မဟုတ် ကြွေးမြီတာဝန်ရှိခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပါက မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၀၉ နှင့် ပုဒ်မ ၁၀၉-က တို့ပါ ကိစ္စရပ်များအတွက် မှတ်ပုံတင်ရန် ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်း မရှိစေရ။

၁၀။ သက်ဆိုင်ရာ တရားရုံးသည် ကြွေးမြီရှင်က ကြွေးမြီ ပေးဆပ်ရမည့်သူအပေါ် သက်သာခွင့် တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ တည်ဆဲမြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် လူမွဲအဖြစ်ခံယူခြင်း အက်ဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ ကြွေးမြီပေးဆပ်ရမည့်သူက ကုမ္ပဏီကို စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါတွင်ဖြစ်စေ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံရသည့်အခါတွင် ဖြစ်စေ ဤဥပဒေပါ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့် အညီသာလျှင် စီရင်ဆုံးဖြတ်ရမည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့နှင့် ဝန်ကြီးဌာနတို့သည်လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသည်လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄) အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ (က)(ခ) (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့ အတွက် အခန်း(၄) အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ (က)(ခ) (ဂ)သည် ဤ ဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၁၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည်ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

## ပို့ဆောင်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး က ရွှေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ)အရ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၄။**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေးဝန်ကြီးရဲ့ကိုယ်စား ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၄။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့်လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းအား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေ အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကံညွန့်မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွှေ့လျားနိုင်သော ပစ္စည်း ကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော် ၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်း ကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွား များ ဥပဒေကြမ်းကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ရွှေ့လျားနိုင်သော ပစ္စည်း ကိရိယာများနှင့် လေယာဉ်ပစ္စည်း ကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၉)ဖြစ်ပါတယ်။ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ယနေ့ အစည်းအဝေးသို့ ကြွရောက်လာတဲ့ ပြည်ထောင်စုရှေ့နေချုပ်နဲ့တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာ မြတ်ဉာဏစိုးမှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီမှ ၄-၁၁-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနမှလည်း မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်ကို ၈-၁၁-၂၀၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကို တင်သွင်းခဲ့ပါတယ်။ အဆိုပါဥပဒေကြမ်းများနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း တင်သွင်းသည့် မြန်မာ့ သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသည့်

မြန်မာသတ္တုတွင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပေါင်းစပ်လေ့လာ၍ အကောင်းဆုံးသော ဥပဒေတစ်ရပ် ပေါ်ထွက်လာအောင် ဆောင်ရွက်ရန်ဟု လမ်းညွှန်ခဲ့ပါတယ်။

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဥပဒေကြမ်းနှစ်ရပ်အား ပေါင်းစပ်အတည်ပြုနိုင်ရေးအတွက် အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပပြုလုပ် ညှိနှိုင်းခဲ့ကြပါတယ်။

လေ့လာတွေ့ရှိချက်များကို တင်ပြပါ့မယ်။

၃။ မြန်မာ့သတ္တုတွင်း ဥပဒေကို ၁၉၉၄ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး၊ ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေ၊ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတို့နှင့် လိုက်လျောညီထွေမှုရှိစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် ဖြစ်ထွန်းစေရန်၊ သယံဇာတပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ လက်လုပ်လက်စား တစ်ပိုင်တစ်နိုင်မှ စတင်၍ အသေးစား၊ အလတ်စား၊ အကြီးစား လုပ်ငန်းရှင်များအထိ ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရန်၊ ခေတ်နှင့်လျော်ညီသည့် ပြစ်ဒဏ်များကိုလည်း ပြုပြင်ပြောင်းလဲ သတ်မှတ်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြင်ဆင်သည့် ဥပဒေကြမ်းများကို တင်သွင်းခဲ့ကြခြင်း ဖြစ်ပါသည်။

၄။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်၏ ရေမြေသဘာဝပတ်ဝန်းကျင်ကို ပျက်စီးမှုမရှိစေရေး ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးနဲ့ ဓာတ်သတ္တု ထုတ်လုပ်မှုများ စဥ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်လာ စေရေးတို့ကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရန်ဆိုသည့် အချက်များကိုပါ ထည့်သွင်းစဥ်းစား၍ ဥပဒေကြမ်းနှစ်ရပ်ကို ပေါင်းစပ်၍ ညှိနှိုင်းပြင်ဆင် ရေးဆွဲခဲ့ကြပါတယ်။

၅။ ဓာတ်သတ္တုများ၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းများကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများကိုခွင့်ပြုမိန့် လျှောက်ထားခြင်းမှအစပြု၍ လုပ်ငန်းဆောင်ရွက်ခြင်း လုပ်ငန်းစဥ် အဆင့်ဆင့်ကို စနစ်တကျချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် အတွက်လည်းကောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော ဓာတ်သတ္တုခွန် အပါအဝင်အခွန်အခများကို အလေအလွင့်မရှိ စနစ်တကျ တိုးတက်ကောက်ခံနိုင်ရန်အတွက်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များ အကျိုးတူလုပ်ငန်း လုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ်၊ အကျိုးအမြတ်အပေါ်တွင် ခွဲဝေခံစားသည့်စနစ်၊ နှစ်ဦးနှစ်ဖက်အပေါ် အခြေခံသည့် ခွဲဝေသည့်စနစ်များကို စည်းကမ်းတကျ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း အသေးစိတ် ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် သတ္တုတွင်းဝန်ကြီးဌာနမှ တင်သွင်းလာသည့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတကော်မတီမှ တင်သွင်းလာသည့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

နှစ်ရပ်စလုံးတွင် ပါရှိသည့်အချက်များကို စနစ်တကျပေါင်းစပ်ပြင်ဆင်၍ လက်တွေ့ ဆောင်ရွက်ရာတွင် လစ်ဟာမှု မရှိစေရန် ညှိနှိုင်းပြင်ဆင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ယင်းသို့ ပြင်ဆင်ရေးဆွဲခဲ့တဲ့ အချက်များ အပေါ်မှာလည်း သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း သဘောတူညီခဲ့ကြပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ညှိနှိုင်းပြင်ဆင်ချက်များကိုတော့ ဇယားနဲ့ ဖြန့်ဝေတင်ပြအပ်ပါတယ် ခင်ဗျား။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။

၇။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတကော်မတီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်မှ အဖွဲ့ဝင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဤဥပဒေကြမ်းကို ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ဥပဒေကြမ်း၏ အမည်

ဤဥပဒေကို မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက်ဥပဒေကြမ်း၏အမည်ပြင်ဆင်ချက်သည် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂ (က)(ခ)(ဃ)

၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂ တွင်

(က) ပုဒ်မခွဲ (က)တွင် ပါရှိသော ကလိုင် ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါတိုင်း အစားထိုးရမည်။

(ခ) ဓာတ်သတ္တုဆိုသည်မှာ မြေထုမှတူးဖော်၍လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ရရှိသည့် သတ္တုစက်မှုကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် သမုဒ္ဒရာ၊ ပင်လယ်၊ မြစ်၊ ချောင်း အင်းအိုင်ရှိ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်း ပါဝင်သည်။

(ဃ) ပုဒ်မခွဲ (ဃ) (င)(စ)(ဆ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်။

(ဃ) သတ္တုဆိုသည်မှာ ရွှေ၊ ငွေ၊ ပလက်တီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ ယူရေနီယမ်၊ သိုရီယမ်၊ သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ကက်ဒ်မီယမ်၊ ခရိုမီယမ်၊ ကိုဘော့လ်မင်းဂနီးစ်၊ မြေရှားသတ္တု၊ အလေးစီးသဲ၊ တိုက်တေနီယမ်၊ မော်လစ်ဒီနမ်၊ မဂ္ဂနီဆီယမ် သို့မဟုတ် ဗယ်ရယ်လီယမ် ကို ဆိုသည်။

ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး သတ္တုဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(င) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ဆိုသည်မှာ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါ်ဒန်ကျောက်၊ ပရိုက်တီးကျောက်၊ ဂရက်ဖိုက်၊ မင်းဂနီးစပ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ ဖလိုရိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ ကြွေကျောက်၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ လချေးဖြူ၊ လချေးညို၊ ကန့်ဆိုဒါပြာ၊ ဖော့စဖိတ်၊ ဘောက်ဆိုဒ်၊ ဖန်ချက်သဲ၊ ဆေးဒန်း၊ ကွာဇိုက်၊ ပိုဇိုလန် သို့မဟုတ် ရတနာတန်းဝင် အဆင့်မမီသော သလင်းကျောက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းဟူ၍ ပါဝင်ပစ္စည်းများလည်း ပါဝင်သည်။

(စ) ကျောက်ဆိုသည်မှာ အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မီသော ထုံးကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ မဂ္ဂမတိုက်ကျောက်၊ လိပ်သဲကျောက်၊ သင်ပုန်းကျောက်၊ အင်ကြင်းကျောက်၊ ထန်းပင်ကျောက်၊ သစ်ပင်မှ ဖြစ်သော ကျောက်အမျိုးမျိုး ပိုင်းရော့ဆီးနိုက်၊ ဆာပင်တီနိုက်၊ ဟွန်းဗလင်းဒိုက်၊ အင်ဒီဆိုက်ဒ်၊ ဒိုလာရိုက်ကျောက်၊ ကွာဇိုက်ကျောက်၊ ဗဆော့ကျောက်၊ သျှစ်ကျောက်၊ ကွန်ဂလိုမရိတ် စရစ်လုံးကျောက် သို့မဟုတ် ရတနာတန်းဝင် အဆင့်မမီသော ပယ်ရီဒိုတိုက်ကျောက်ကို ဆိုသည်။

ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အလှဆင်ကျောက် ထုတ်လုပ်ရန်နှင့် ဆင့်တက်ပြုပြင်ခြင်းဖြင့် လူသုံးကုန်ပစ္စည်းတစ်မျိုးမျိုးကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် အဆင့်မီသော ကျောက်များလည်း ပါဝင်သည်။ သို့ရာတွင် ကျောက်မျက်ရတနာဟူ၍ သတ်မှတ်ရန် ဂုဏ်သတ္တိရှိသော

ကျောက်များနှင့် အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များ မပါဝင်။

(ဆ) ခွင့်ပြုမိန့်ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်း တစ်ရပ်ရပ်ကိုဖြစ်စေ တစ်ရပ်ထက်ပိုသော လုပ်ငန်းများကို တစ်ပေါင်းတည်းဖြစ်စေ လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ (က)(ခ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (က)(ခ) (ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် အပိုဒ် ၂(ဂ) ပုဒ်မခွဲ(ဂ) ကို ပယ်ဖျက်ထားပါတယ်။

ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ (ဂ) ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ် ၂(င) (စ)(ဆ)(ဈ)(ည)(ဋ)(ဌ)-

၂။ (င) ပုဒ်မခွဲ(ဇ)၌ ပါရှိသော ယင်းစကားရပ်တွင် မြေသား၌ ဓာတ်သတ္တုတည်စွဲသည့် အရည်အသွေးကို စစ်ဆေးသော လုပ်ငန်းစဉ်များလည်း ပါဝင်သည်ဆိုသည့် စကားရပ်ကို ယင်းစကားရပ်တွင် မြေပေါ်မြေအောက် မြေထု၊ သမုဒ္ဒရာ၊ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့၏ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေ၌ ဓာတ်သတ္တုပါဝင်မှု အရည်အသွေးကို စစ်ဆေးသော လုပ်ငန်းစဉ်များလည်း ပါဝင်သည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဈ) ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်းဆိုသည်မှာဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဍာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်းတို့ကို ဆိုသည်။

(ဆ) ပုဒ်မခွဲ(ဈ)၏ နောက်တွင် ပုဒ်မခွဲ(ဈ-၁)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဈ-၁)ဖြစ်မြောက်နိုင်စွမ်း

လေ့လာခြင်းဆိုသည်မှာဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်းပြုလုပ်ပြီးသော ဓာတ်သတ္တုသိုက်တစ်ခုခုအား စီးပွားဖြစ်ထုတ်လုပ်ခြင်း ရှိ/မရှိ ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မည့် နည်းစဉ်ဆင့်တက်ပြုပြင်ထုတ်လုပ်မည့် နည်းစဉ် စီးပွားဖြစ် ထုတ်လုပ်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးတွက်ချက်မှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) ပုဒ်မခွဲ(ည)တွင်ပါရှိသော ယင်းစကားရပ်တွင်ဆိုသည့် စကားရပ်၏နောက်၌ သတ္တုတွင်း ထူထောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ည) ပုဒ်မခွဲ (ည) ၏နောက်တွင် ပုဒ်မခွဲ (ည) (၁) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ည-၁) ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းဆိုသည်မှာ ထုတ်လုပ်သည့် ဓာတ်သတ္တု များကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းများကိုဆိုသည်။

(ဋ) ပုဒ်မခွဲ (ဋ) ကိုအောက်ပါအတိုင်းအစားထိုးရမည်။

(ဋ) အကြီးစားထုတ်လုပ်ခြင်းဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏကြီးမားပြီး စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ် အများအပြား လိုအပ်သည့် သို့မဟုတ် အထူးနည်းပညာရပ်နှင့် နည်းစနစ်များ အသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် (၁၅) နှစ်အထက် ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းကိုဆိုလိုသည်။

(ဌ) ပုဒ်မခွဲ(ဋ) ၏နောက်တွင် ပုဒ်မခွဲ(ဋ-၁) ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်။

(ဋ-၁)အလတ်စားထုတ်လုပ်ခြင်းဆိုသည်မှာဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏ အသင့်အတင့် ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ၍

**ဥက္ကဋ္ဌ**။ ။ ရှိ၍တွေကြီးပဲ ထပ်နေပါလား။ ဖြစ်ထွန်းမှုပမာဏအသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ၍ နှစ်ရစ်တစ်သောပေါ့ဗျာ။ ဖြစ်ထွန်းမှုပမာဏ အသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသော ရလား။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်အသင့်အတင့် လိုအပ်သည့်သို့မဟုတ် ကန့်သတ် နည်းပညာရပ် နှင့် နည်းစနစ်များ အသုံးပြု၍ (၁၅) နှစ်ထက် မပိုသောခွင့်ပြုချက်ဖြင့် ဓာတ်သတ္တု ထုတ်လုပ်ခြင်း ကို ဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် (၂) (င) (စ) (ဆ) (ဈ) (ည) (ဋ) (ဌ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။ (ဩဘာသံများ)

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် (၂) (င)(စ)(ဆ) (ဈ) (ည) (ဋ)(ဌ) သည် ဤ ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အပိုဒ် ၂။ (ဍ)

၂။ (ဍ) ပုဒ်မခွဲ (ဌ) (ဍ) (ဎ) (ဏ) နဲ့ (တ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

(ဌ) အသေးစားထုတ်လုပ်ခြင်းဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုနည်းပါး၍ ရင်းနှီးမြှုပ်နှံမှု နှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း (၁၀) နှစ်ထက်မပိုသော ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုလိုသည်။

(ဍ) လက်လုပ်လက်စားထုတ်လုပ်ခြင်းဆိုသည်မှာ သာမာန် လက်သုံး ကိရိယာများကိုဖြစ်စေ၊ နည်းဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ များအဖြစ်သတ်မှတ်သော မြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဎ) ဓာတ်သတ္တုဆင်းသက်ပြုပြင်ခြင်းဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများအား သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနှင့်ပုံသွင်းခြင်းလုပ်ငန်းစဉ်များ ပါဝင်သည်။

(ဏ) ဦးစီးဌာန ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(တ) ညွှန်ကြားရေးမှူးချုပ်ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၂ (ဍ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂(ဍ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ်၃ (က) (ခ)

၃။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ၃တွင်

(က) ပုဒ်မခွဲ(ဂ) တွင် ပါရှိသော ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဆိုသည့်စကားရပ်ကို နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်။

(ဆ) ဓာတ်သတ္တုထုတ်လုပ်မှု စဥ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေးအတွက် ကြီးကြပ်ကွပ်ကဲရန်နှင့် အားပေးဆောင်ရွက်ရန်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၃ (က)(ခ)ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၃ (က) (ခ) သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ်၄

၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၄၊ ၅ နဲ့၆ တို့ကိုအောက်ပါအတိုင်းအစားထိုးရမည် -

၄။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကိုလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းသို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း နှင့် ဝယ်ယူခြင်း။

**ဥက္ကဋ္ဌ**။ ။ ဒီအရေးအသားက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း သို့မဟုတ် ကျောက်တို့ကိုရှာဖွေခြင်းဆိုမှ အဆင်ပြေမယ်။ ဒါမှမဟုတ် အပေါ်က noun တွေကြီးပဲ ဖြစ်ပြီးတော့မှအောက်က verb တွေ ဖြစ်နေတယ်။ (ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း အလားတူပါပဲ။ ကျောက်တို့ကိုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း နှင့် ဝယ်ယူခြင်း။ အဲဒီတော့ (က) မှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုပါရှိသော (ခ) မှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆိုတော့ (က) မှာလည်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်ဆိုမှ အဆင်ပြေမှာပေါ့။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ပါရှိတယ်ဆိုတာ တစ်စိတ်တစ်ပိုင်းပဲ ပါရှိတာပါခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် partially ပါရှိတာကိုပဲ ဆိုလိုတဲ့အဓိပ္ပာယ်ဖြစ်လို့ ဒီလိုပဲ သုံးနှုန်းဖို့တင်ပြထားတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ (က) က partially (ခ) က အသစ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။မှန်ပါတယ်ခင်ဗျား။ (ခ)ကတော့ နိုင်ငံသားရင်းနှီးမှု၊

**ဥက္ကဋ္ဌ**။ ။ ရပြီ

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနဲ့ ဝယ်ယူခြင်း။

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းတို့နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စား ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းတို့တွင် အနည်းဆုံးလုပ်ငန်း (၃) ရပ်တို့ကို တစ်ပေါင်းတည်းလုပ်ကိုင်ခြင်း။

၅။ ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ရင်းလုပ်ငန်းတစ်ရပ်ကိုလုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၆။ မြေရှားသတ္တု (Real Earths)၊ ရှားပါးသတ္တု(strategic mineral)၊ ရေဒီယိုသတ္တိကြွသတ္တု (Radioactive minerals) တို့မှအပ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက် များနှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အသေးစား ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား ထုတ်လုပ်ခြင်း ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းတို့ကိုလုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့် ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် ဖွဲ့စည်းထားသော လုပ်ကွက်

စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနဲ့အညီ လျှောက်ထားရမယ်လို့ ပြင်ဆင်ထားပါတယ်။ မှန်တယ်နော်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်(၄)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်(၄)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ်၅

၅။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၆ ၏ နောက်တွင် ပုဒ်မ၆-ကကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

၆-က။ ဝန်ကြီးဌာနသည်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သတ္တုဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | ရေ အရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးရေးဦးစီး ဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အတွင်းရေးမှူး |

ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၅ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၅သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ်၆

၆။ မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၇၊ ၈၊ ၉၊ ၁၀၊ နှင့် ၁၁ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်။

၇။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်း တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည်။

(က) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် ပါရှိသော သတ္တုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင် ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း။

(ခ) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ကျောက်ရှာဖွေ ခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ ကျောက်တို့ကို ရှာဖွေခြင်း(တို့ကို ထည့်ရမယ်)။

၈။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည်။

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း။

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စား ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့တွင် အနည်းဆုံးလုပ်ငန်း(၃)ရပ်ကို တစ်ပေါင်း တည်း လုပ်ကိုင်ခြင်း။

(ဂ) ဘူမိဗေဒ အချက်အလက်များ ပြည့်စုံပြီး၊ သတ္တုသိုက် ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော လုပ်ကွက်များအား လေလံစနစ်အရ သီးခြား စည်းကမ်းချက်ဖြင့် လုပ်ကိုင်ခြင်း။

၉။ ဦးစီးဌာနသည် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက ကျောက်ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း

လုပ်ငန်းတစ် ရပ်ရပ်ကို လုပ်ကိုင်ခွင့်လျှောက်ထားလာသည့်အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အသေးစား ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့် ထုတ်ပေးရန် ပုဒ်မ ၆ အရ လျှောက်ထား ချက်ကို စိစစ်ပြီး ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့် အညီ ခွင့်ပြုမိန့်ကို ထုတ်ပေး နိုင်သည်။

၁၁။ အကြီးစား ထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက် စားထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ပုဒ်မ ၂၊ ပုဒ်မခွဲ(ဋ)၊ (ဋ-၁)၊ (ဌ)နှင့် (ဍ)တို့ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့်အညီ ဆုံးဖြတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၇

၇။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-ကနှင့် ပုဒ်မ ၁၁-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၁၁-က။ ခွင့်ပြုမိန့်များထုတ်ပေးသော ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်များ စိစစ်ချထားပေးရေးအဖွဲ့တို့သည်

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုမိန့်များထုတ်ပေးသော ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ဦးစီးဌာနဆိုတဲ့ (ဒစ်ဖနေးရှင်း) ပါတယ် မဟုတ်လား၊ ပါရင် ဝန်ကြီးဌာန လိုသေးလား၊ ဦးစီးဌာနက ဝန်ကြီးဌာနကပဲ မဟုတ်လား၊ ဝန်ကြီးဌာန ပုဒ်ပါမှ ရမယ်။

ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ခွင့်ပြုမိန့်ရရှိ လုပ်ကိုင်ခဲ့သော လုပ်ငန်းရှင်မှ ၎င်း ရှာဖွေခြင်း၊

**ဥက္ကဋ္ဌ**။ ။ဘာဖြစ်လို့ ၎င်း ရှာဖွေခြင်း၊ ခွင့်ပြုမိန့်ရရှိလုပ်ကိုင်ခဲ့သော လုပ်ငန်းရှင်မှ ရှာဖွေခြင်း၊ ဒါမှ မဟုတ် ဘာကြောင့်မို့လို့ ၎င်း ထည့်ထားသလဲ၊

**ဒေါက်တာမြတ်ဉာဏစိုး၊ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဆောင်ရွက်ထားတာကို ဆိုလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ၎င်း ဆိုတာ ထို ပုဂ္ဂိုလ်မှ၊ ထို ပုဂ္ဂိုလ်မှ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း အဲဒီလို ဆိုလိုတာပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။အော် လေး သေတ် လည်း မဖြစ်သေးဘူး။ အင်း ဟုတ်ပြီ၊ လေး သေတ်ဆိုရင်လည်း ရတယ်။ ၎င်း ရှာဖွေခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း ပြုလုပ်ထားရှိသော လုပ်ကွက်တွင် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လုပ်ကိုင် ခွင့်ပြုရမည်။

၁၁-ခ။ ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်သူမှအပ ရောင်းချခြင်းနှင့် ဝယ်ယူ ခြင်းအတွက် ခွင့်ပြုမိန့်ကို လျှောက်ထားရန်မလိုဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၈

၈။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၂။(စ) ဤ ဥပဒေအရထိုက်သင့်သော ဓာတ်သတ္တုခွန်၊ အခြား အခကြေးငွေများနှင့် ခွဲဝေခံ စားသည့် အချိုးတို့ကို သတ်မှတ်ချက်များနှင့်အညီ ပစ္စည်း သို့မဟုတ် ငွေသားဖြင့် ပေးဆောင်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၉

၉။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(စ)၏ နောက်တွင် ပုဒ်မခွဲ (ဆ)နှင့် ပုဒ်မခွဲ(ဇ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၁၂။(ဆ) အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ထိုက်သင့်သော ဓာတ်သတ္တုခွန်နှင့် အခြား အခကြေးငွေများကို ပုဒ်မခွဲ(စ)နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့များမှ တစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပေးသွင်းရမည်။

(ဇ) အခြားအခကြေးငွေများကို မြန်မာကျပ်ငွေဖြင့် ဖြစ်စေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပါရှိသော လုပ်ငန်းများတွင် နိုင်ငံခြားငွေဖြင့် ဖြစ်စေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ညီမျှသော မြန်မာကျပ်ငွေနှင့် ဖြစ်စေ ပေးဆောင်ရမည်( နှင့် လား ဖြင့် လား) ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၀

၁၀။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)တို့တွင် ပါရှိသော ဦးစီးဌာန ဆိုသည့် စကားရပ်ကို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြင်ဆင်တဲ့ဥပဒေကလည်း အပိုဒ်တိုင်းကိုပြင်တယ်။ အစအဆုံးပဲ။ အသစ် ရေးဆွဲလိုက်တာမဟုတ်ဘူး။ ဟုတ်တယ်လေ ခုဟာက ပြင်ဆင်တာ အပိုဒ်တိုင်း ပြင်နေတာ အခုမှ ၁၁ ပဲ ရောက်သေးတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၁

၁၁။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ တို့ကို အောက်ပါတိုင်း အစားထိုးရမည် -

၁၈။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ဓာတ်သတ္တုများရောင်းချသည့်အခါ ဓာတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအရ ဓာတ်သတ္တုခွန် ပေးဆောင်ရမည်။

(က) ရွှေ၊ ပလက်တီနမ်၊ ယူရေနီယမ်နှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အဖိုးတန် သတ္တုများအတွက် ၅ ရာခိုင်နှုန်း၊

(ခ) ငွေ၊ ကြေးနီ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ အလေးစီးသဲ၊ မော်လစ်ဒီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ သိုရီယမ်၊ ကက်ဒ်မီယမ်၊ မြေရှားသတ္တု၊ ဗယ်ရယ်လီယမ်၊ တိုက်တေနီယမ်နှင့်

**ဥက္ကဋ္ဌ**။ ။ မှန်ရော မှန်ရဲ့လား၊ ခု ဖတ်တာတွေက ဘာတွေမှန်းတောင် မသိဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေ သိကြလားတော့ မသိဘူး။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၄ ရာခိုင်နှုန်း

(ဂ) သံ၊ သွပ်၊ ခဲ၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ခရိုမီယမ်၊ ကိုဘော့လ်၊ မင်းဂနီးစ်၊ မဂ္ဂနီစီယမ် နှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၃ ရာခိုင်နှုန်း

(ဃ) စက်မှုတွင်းထွက်ကုန်ကြမ်း သို့မဟုတ် ကျောက်အတွက် ၂ ရာခိုင်နှုန်း

၁၉။ ပုဒ်မ ၁၈ အရ ဓာတ်သတ္တုခွန် ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ သတ္တုဈေးနှုန်းအရ သတ္တုစင်ပါဝင်မှုရာခိုင်နှုန်းအလိုက် သတ္တုစင်ဈေးနှုန်းအပေါ်တွင် သက်ဆိုင်ရာမြန်မာ့ သတ္တုတွင်းလုပ်ငန်း အသီးသီးသို့ ရောင်းရငွေ ရရှိချိန်တွင် ပေးဆောင်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၂

၁၂။ မြန်မာ့သတ္တုတွင်းဥပဒေ အခန်း(၇) ခေါင်းစဉ်တွင် ပါရှိသော ရတနာနယ်မြေ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၃

၁၃။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(က) ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၉ တို့တွင် ပါရှိသော အစိုးရအဖွဲ့ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် အပိုဒ် ၁၄

၁၄။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၂ ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ပယ်ဖျက်ချက် အတည် ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၅

၁၅။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၃ တွင် ပါရှိသော သို့မဟုတ် ရတနာနယ်မြေ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၆

၁၆။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၄ တွင် ပါရှိသော မည်သည့် ကမ်းလွန် ရေတိမ်ပိုင်းတွင် ဖြစ်စေ ဆိုသည့် စကားရပ်ကို နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ အတွင်းတွင် ဖြစ်စေဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၁၇

၁၇။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၆ တွင် ပုဒ်မခွဲ(ခ)၏ နောက်၌ ပုဒ်မခွဲ (ခ-၁)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၂၆။ (ခ-၁) သတ္တု စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကိုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုကြည့်ရှုစစ်ဆေးခြင်းဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇ ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၈

၁၈။ မြန်မာ့သတ္တုတွင်း ဥပဒေအပိုဒ် ၂၈ တွင် ပုဒ်မခွဲ(ခ)၌ ပါရှိသော ဒဏ်ကြေးငွေ ဆိုသည့် စကားရပ်ကို အာမခံငွေ ပမာဏအောက် မနည်းသော ဒဏ်ကြေးငွေ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၉

၁၉။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၉ တွင် ပါရှိသော ဓာတ်သတ္တု ထုတ်လုပ်ခြင်း ဆိုသည့် စကားရပ်ကို ခွင့်ပြုမိန့်မရှိဘဲ ဓာတ်သတ္တုထုတ်လုပ်ခြင်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၀

၂၀။ မြန်မာ့သတ္တုတွင်းဥပဒေ အခန်း(၁၁) ခေါင်းစဉ်ဖြစ်သော ပြစ်မှုများ ပြစ်ဒဏ်များ ဆိုသည့် စကားရပ်ကို ပြစ်မှုနှင့် ပြစ်ဒဏ်များ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၁

၂၁။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ တွင် ပါရှိသော ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့် စကားရပ်ကို ထောင်ဒဏ် တစ်ဆယ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ငါးဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် အပိုဒ် ၂၂

၂၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ ပုဒ်မခွဲ(က)ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၂၂ ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၃

၂၃။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ (ခ)(ဂ)နှင့်(ဃ)တို့တွင် ပါရှိသောစမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း ဆိုသည့်စကားရပ်၏ နောက်၌ ဆင့်တက်ပြုပြင်ခြင်း ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၂၄

၂၄။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၀ (ဂ)၏ နောက်တွင် ပုဒ်မ ၃၀ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၃၀။ (ဃ) ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းခွင့်ပြုမိန့်ရယူခြင်း မရှိဘဲ လုပ်ကိုင်ခြင်းဟု ဖြည့်စွက်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လုပ်ငန်း လုပ်ကိုင်ခြင်းကို ရောင်းချခြင်းနှင့်ဝယ်ယူခြင်း မှန်တယ်နော်။ ဥပဒေကြမ်းကော်မတီက ကြည့်ပါ။ ၃၀ (ဃ) ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းကို ရောင်းချခြင်းနှင့်ဝယ်ယူခြင်း)

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယင်းလုပ်ငန်း ခွင့်ပြုမိန့်က တစ်တွဲပါ ခင်ဗျ၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းအတွက်က ခွင့်ပြုမိန့်က သီးခြားယူရပါတယ်ခင်ဗျ၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းလုပ်တဲ့ ပုဂ္ဂိုလ်ကပဲ အဲဒီခွင့်ပြုမိန့်ကို ယူရတာပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရောင်းချခြင်း နှင့် ဝယ်ယူခြင်းလုပ်ငန်းကိုလည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းကိုလည်းကောင်း၊ လုပ်ငန်းခွင့်ပြုမိန့် ရယူခြင်းမရှိဘဲ လုပ်ကိုင်တယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆိုလိုတာကတော့ဆင့်တက် ပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်တဲ့ လူဟာ ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်းခွင့်ပြုမိန့်ကို သူက ရယူ ရမယ်။ ဒီဟာကို မရယူဘဲနဲ့ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေမယ်ဆိုရင် အရေးယူမယ် ဆိုတဲ့ သဘောထားမျိုး တင်ပြထားတာပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ အင်း၊ အဲဒါ ရှေ့နောက် လွဲနေတာ မဟုတ်လား။ ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းလုပ်ငန်းခွင့်ပြုမိန့်ရယူခြင်း မရှိဘဲ ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်း လုပ်ငန်း လုပ်ကိုင်ခြင်း၊ ဟုတ်တယ်မဟုတ်လား။ရှေ့နောက် လွဲနေတာနော်။ ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့် ရယူခြင်း မရှိဘဲ ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း ရပြီနော်။ လွှတ်တော်ဥက္ကဋ္ဌ စာပြင်ဆရာ ဖြစ်နေတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၄ ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၂၅

၂၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀၏ နောက်တွင် ပုဒ်မ ၃၀-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၃၀-က။ မည်သူမဆို ပုဒ်မ ၃၀ (ခ)၊ (ဂ) (ဃ) ပါ ပြစ်မှု တစ်ခုခုကို ထပ်မံကျူးလွန်ပါက တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သန်းမှ အများဆုံး ကျပ်သိန်း ငါးဆယ်အထိ ချမှတ်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၅ ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၆

၂၆။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၁ တွင် ပါရှိသော ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ ငွေဒဏ်ကျပ် ၂၀၀၀၀ အထိ ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့် စကားရပ်ကိုထောင်ဒဏ် သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း နှစ်ဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရ မည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၆ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၂၇

၂၇။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၁ ၏ နောက်တွင် ပုဒ်မ ၃၁-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

၃၁-က။ မည်သူမဆို ပုဒ်မ ၂၉ အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက် ကျူးလွန်ပါက ထောင်ဒဏ် အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း မှ အများဆုံး ကျပ်သိန်းနှစ်ဆယ်အထိ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇ ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၈

၂၈။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၃၂ တွင် ပါရှိသော ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့်စကားရပ်ကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၂၉

၂၉။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၂ ၏ နောက်တွင် ပုဒ်မ ၃၂-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

၃၂-က ။ မည်သူမဆို ပုဒ်မ ၁၃ နှင့် စပ်လျဉ်းသည့် နည်းဥပဒေ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်မှု ထပ်မံကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ နည်းဥပဒေ နည်းဥပဒေက မပြဋ္ဌာန်းရသေးဘဲနဲ့ ညွှန်းနေတာ။

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။နည်းဥပဒေက ရှိပြီးသားပါ။

**ဥက္ကဋ္ဌ**။ ။ ရှိပြီးသားဆို ဒီပုဒ်မနဲ့ ကိုက်ရဲ့လား ၁၃ နဲ့ ၁၃ က ရွှေ့မသွားဘူးနော်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၉ ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အပိုဒ်၃၀

၃၀။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၃ တွင်ပါရှိသော ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့်စကားရပ်ကို ထောင်ဒဏ် ခြောက်လအထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၃၁ -

၃၁။ မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ၃၃-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၃၃-က။ မည်သူမဆို ပုဒ်မ ၃၃ အရ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက် ကျူးလွန်ပါက ထောင်ဒဏ် ၆ လအထိ ချမှတ်ရမည့် အပြင် ငွေဒဏ်ကျပ် ငါးသိန်းအထိ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၁ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၃၂ -

၃၂။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၅ ၏ နောက်တွင် ပုဒ်မ ၃၅-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

၃၅-က။ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက် ထည့်ဝင်မှု အပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၂ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၃၃ -

၃၃။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၆၊ ဤဥပဒေအရ ရရန်ရှိသော ငွေများကို ဝင်ငွေခွန်မပြေ၊ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤ ကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်ဟု ပြင်ဆင်ထားပါတယ်။

အဲဒီတော့ ဒီမှာ ဝင်ငွေခွန်မပြေ၊ ကျန်ငွေဖြစ်ဘိသကဲ့သို့ ဆိုတာ နေရာတကာ ညွှန်းတယ်။ ဝင်ငွေခွန်ဥပဒေမှာ ပါရဲ့လား။ အခုအသစ်မှာ ရောပါလား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၃၄ -

၃၄။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၃၇-က။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့၏ ရုံးလုပ်ငန်းနှင့် ကုန်ကျစရိတ်အတွက် တာဝန်ယူ ဆောင်ရွက်ပေးရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၄ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၃၅ -

၃၅။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်းအစားထိုးရမည် -

၃၉။ ဤ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများ ကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနနှင့် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်းတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)ကမြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေခွဲ (ခ) အရ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော် က အတည်ပြု ပေးဖို့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးနေဝင်းထွန်း က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၄။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ဦးနေဝင်းထွန်း ရှမ်းပြည်နယ်၊ မဲဆန္ဒအမှတ်(၉) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသား လွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီဥက္ကဋ္ဌမှဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုတိုပဲ တင်ပါ။

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီမှ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ သတ္တုနှင့် သယံဇာတရေးရာ ကော်မတီဝင်များပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသတ္တုတွင်း လုပ်ငန်းရှင်အသင်းဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်များ အကြိမ်ကြိမ်ပူးပေါင်းညှိနှိုင်း ပြင်ဆင်ထားသည့် ဥပဒေဖြစ်ပါ၍၊ လွှတ်တော်မှလည်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့ပြီးဖြစ်ပါ၍ မြန်မာ့သတ္တုတွင်းဥပဒေ တည်ဆဲဥပဒေအား ယခု ပြင်ဆင်သည့်ဥပဒေ ဖြစ်သည့်အတွက် ၎င်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၃၆။**

**ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးနေဝင်းထွန်း တင်သွင်းသွားတဲ့ အဆိုအား ကျွန်တော် ဦးထွန်းဇော် ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ထောက်ခံပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားအတည်ပြုရန် အမျိုးသားလွှတ်တော် ၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မြန်မာ့ သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(ဩဘာသံများ)

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ။** ။ ဒါ ပြီးလို့ရှိရင် အဆိုတစ်ရပ် ဆွေးနွေးမှာရှိပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော် ပြီးတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော် မပြတ်သေးလို့ ဆက်ပြီးတော့ ထိုင်ရမှာလည်း ရှိတဲ့အတွက် ဆွေးနွေးမယ့်ပုဂ္ဂိုလ်များ အတိုဆုံး ဆွေးနွေးကြပါ။ အဆိုတင်သွင်းထားတုန်းကလည်း ပြည့်ပြည့်စုံစုံ တင်သွင်းထားပြီးသားဖြစ်ပါတယ်။ အခု(၁၀)မိနစ် ခေတ္တရပ်နား ပါ့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွါပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွါနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၃၀)ရက်မြောက်နေ့ အစည်းအဝေးကို နေ့လည်(၁၄း၃၆)နာရီတွင် ရပ်နားပြီး (၁၄း၅၀) အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၅၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်ကျင်းပတော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း ဘာသာပြန်ဆို ထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အား အထူးတာဝန်တစ်ရပ်အဖြစ် ပေးအပ်၍ဆောလျင်စွာဆောင် ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ) တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ လည်းကောင်း၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း ဘာသာပြန်ဆို ထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စု

ရွှေနေချုပ်အား အထူးတာဝန်တစ်ရပ်အဖြစ်ပေးအပ်၍ ဆောလျင်စွာဆောင်ရွက်စေရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ပြည်ထောင်စုရွှေနေချုပ်၊ ကော်မရှင် အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံး မင်္ဂလာပါ ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအောင်ငြိမ်း တင်သွင်းထားတဲ့ အဆိုမှာ အဓိကအချက်က (၂)ချက်ပဲ ရှိပါတယ်။ တည်ဆဲဥပဒေတွေထဲမှာ အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းထားတာတွေကို မြန်မာဘာသာ ပြန်ဆိုဖို့နဲ့ မြန်မာဘာသာနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကိုလည်း နိုင်ငံတကာက လေ့လာနိုင်အောင် အင်္ဂလိပ်ဘာသာ ပြန်ဆိုဖို့ဆိုတဲ့အချက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ထောက်ခံပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့ အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေဟာ အခုထက်ထိရှိနေတာလဲဆိုတာက ဒါ ဦးအောင်ငြိမ်း လည်း ပြည့်ပြည့်စုံစုံတင်ပြပြီးသွားပါပြီ။ ကိုလိုနီခေတ်ကတည်းကနေပြီးတော့ အမွေဆက်ခံခဲ့ရတဲ့ ဥပဒေတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေထဲမှာ ပြဋ္ဌာန်းထားတဲ့ ဝေါဟာရတွေကို သာမာန် ပြည်သူတွေ နားမလည်နိုင်ပါဘူး။ ဥပမာ- ဝင်ငွေခွန်ဥပဒေ၊ အခွန်ဥပဒေတွေမှာ ပြဋ္ဌာန်းထားတဲ့ အင်္ဂလိပ် အသုံးအနှုန်းတောင်မှ Percent, 0.5 Percent လို့ ပြဋ္ဌာန်းထားတာ မဟုတ်ပါဘူး။ (ပါစင်တန်) အစရှိသဖြင့် ဒီလိုလေးနက်တဲ့ အသုံးအနှုန်းတွေ သုံးထားတဲ့ အတွက်ကြောင့်မိုလို့ ဒါတော်တော်ကို လေးနက်တဲ့ အသုံးအနှုန်းတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သာမာန်ပြည်သူတွေ နားလည်နိုင်တဲ့ မြန်မာအသုံးအနှုန်းတွေနဲ့ ပြန်ဆိုသင့်ပါတယ်ဆိုတာကို ပထမတစ်ချက်အနေနဲ့ ထောက်ခံ တင်ပြလိုပါတယ်။

ဒုတိယတစ်ချက်ကတော့ ယခုဈေးကွက်စီးပွားရေးစနစ်အခြေအနေ ကမ္ဘာ့နိုင်ငံတွေနဲ့ ဆက်သွယ်နေတဲ့အခါမှာလည်း မြန်မာနိုင်ငံကဥပဒေတွေ၊ အခုပြောင်းလဲလိုက်တဲ့ ဥပဒေတွေ၊ ပြင်ဆင် လိုက်တဲ့ ဥပဒေတွေ ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်လာပြီးတော့မှ ပြဋ္ဌာန်းလိုက်တဲ့ ဈေးကွက် စီးပွားရေးနဲ့ သက်ဆိုင်တဲ့ ဒီမိုကရေစီ ပွင့်လင်းမြင်သာမှုနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေ အများကိုလည်း နိုင်ငံတကာကနေပြီးတော့ လေ့လာလိုပါတယ်။ လေ့လာလိုတဲ့အခါမှာ official vasion လိုပါတယ်။ ဘာသာပြန်ဆိုမှုအလွဲတွေနဲ့ ဟိုတစ်နေ့က ဦးအောင်ငြိမ်း တင်ပြသွားတဲ့အထဲမှာလည်း ပါ ပါတယ်။ ရုံးခွန်ဥပဒေ code field ကို ရုံးခွန်ကို တိုက်ရိုက် (အော့ဖစ်တက်စ်) ဆိုပြီးတော့ ပြန်ဆိုလိုက်တဲ့ အမှားမျိုးတွေဟာ ဒါ ပျံ့နှံ့နေတဲ့အခါကျတော့ နိုင်ငံတကာက လေ့လာလိုသူတွေအတွက်လည်း အခက်အခဲရှိပါတယ်။ နိုင်ငံတကာနဲ့ ကျွန်တော်တို့ စီးပွားရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆက်သွယ်ဆောင်ရွက်တဲ့နေရာမှာ ဒီကိစ္စအင်မတန်မှ အရေးကြီးတယ်လို့ တင်ပြလို ပါတယ်။

နောက်ဆုံးတစ်ချက် တင်ပြလိုတာကတော့ ရှေ့နေချုပ်ရုံးမှာ ဖွဲ့စည်းပုံတွေ အဆင့်ဆင့် ဖွဲ့စည်းလိုက်၊ ပြန်ပျက်လိုက် ဖြစ်နေပါတယ်။ ဒါပေမဲ့ ပညာရှင်တွေ များများထပ်မံလိုအပ်ပြီးတော့ ဒီလုပ်ငန်းကိုတော့ ခိုင်ခိုင်မာမာဖြစ်အောင်လုပ်ဖို့ လိုမယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လည်း ဆိုတဲ့ အခါကျတော့ ဝေါဟာရလည်း ကျွမ်းကျင်ရမယ်။ ဥပဒေအသုံးအနှုန်းလည်း သိရမယ်။ နောက် အကုန်လုံးကို တိုက်ရိုက် မြန်မာမှုပြုရမယ်။ မြန်မာပြန်ရမှာ မဟုတ်ဘဲနဲ့ Agency လို အသုံးအနှုန်းမျိုး၊ convention၊ protocol စတာတွေကတော့ သူ့သက်ဆိုင်ရာကဏ္ဍနဲ့ ရှိမယ်။ ဘာသာပြန်ဆိုတဲ့ အခါမှာ ဥပဒေရဲ့ အရေးအသား အသုံးအနှုန်းတွေဟာ ဥပဒေရဲ့ ရေးထုံးနဲ့ ညီညွတ်ဖို့လိုသလို သာမာန် ပြည်သူများ နားလည်နိုင်တဲ့ အသုံးအနှုန်းများဖြစ်ဖို့လည်း လိုအပ်ပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ရှေ့နေချုပ်ရုံးကနေပြီးတော့ ဒီဟာကို အလျင်အမြန် ဆောင်ရွက်ပေးနိုင်ဖို့ တိုက်တွန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဥပဒေကြမ်း ကော်မတီဝင် ဦးအောင်ငြိမ်းရဲ့ အဆိုကို လေးလေးစားစားထောက်ခံအပ်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၅။**

**ဥက္ကဋ္ဌ**။ ။စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဦးတင်မြ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၅။**

**ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)** ။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုရှေ့နေချုပ်နဲ့ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အဆိုရှင်ရဲ့ တင်သွင်းတဲ့အဆိုကို ထောက်ခံသွားမှာ ဖြစ်ပါတယ်။ အဆိုနဲ့ ပတ်သက်လို့ တင်ပြစဉ်က အဆိုရှင်ကနေပြီး စာမျက်နှာ (၁၂)မျက်နှာလောက် ပြည့်စုံအောင် တင်ပြခဲ့ ပြီးဖြစ်ပါတယ်။ ဒီကိစ္စဟာ တကယ်ကျတော့ ပညာရှင်ရဲ့ အလုပ်ဖြစ်ပါတယ်။ အဲဒီတော့ ဒီပညာရှင်ရဲ့ ဆောင်ရွက်သွားမယ့် အခန်းကဏ္ဍတွေကို ကျွန်တော်အကြံပြု ဆွေးနွေးခြင်း မပြုတော့ဘဲနဲ့ ဒီနေ့ ကျွန်တော်တို့ ဒီလိုတင်လိုက်တဲ့အဆိုဟာ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်နဲ့တကွ ပြည်ထောင်စု အစိုးရအဖွဲ့မှာပါ အဖွဲ့ဝင် အဖြစ်ပါဝင်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စု ရှေ့နေချုပ်နဲ့ အစိုးရအဖွဲ့ကို ကျွန်တော်တို့ လွှတ်တော်က နေပြီးတော့မှ ဂုဏ်ပြုတယ်ဆိုတဲ့ အဆို တစ်ရပ်မျိုးလို့ပဲ ခံယူပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးမူဝါဒနဲ့ ပတ်သက်ပြီးတော့မှ ဥပဒေပညာရပ်ဟာ လွှတ်တော်ရော၊ လွှတ်တော်ပြင်ပရော၊ ဥပဒေပညာ လေ့လာဆည်းပူးတဲ့ ပုဂ္ဂိုလ်တွေရော အားလုံးပါ သိသင့်တဲ့ ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်နဲ့ အပြည်ပြည်ဆိုင်ရာနဲ့ တွေ့တဲ့အခါမှာ ဒီကနေ့ သိသင့်သိထိုက်တဲ့ ဥပဒေတွေကို အင်္ဂလိပ်လိုလည်း ဆွေးနွေးသွားနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါလောက်ကျွန်တော်တို့ ကြီးမားတဲ့ လုပ်ငန်းပမာဏကြီးကို အင်္ဂလိပ်လိုပြဋ္ဌာန်း၊ တည်ဆဲဥပဒေတွေကို မြန်မာလိုပြန်ပြီးတော့ မြန်မာလိုပြဋ္ဌာန်းတဲ့ ဥပဒေတွေကို အင်္ဂလိပ်လို ပြန်ဆိုမယ်ဆိုတဲ့ကိစ္စဟာ ပညာရှင်ရဲ့ အခန်းကဏ္ဍဖြစ်သလို လုပ်ငန်းပမာဏလည်း ကြီးမားတဲ့အတွက် ကျွန်တော့်ရဲ့ မိခင်ဌာန ဟောင်းလည်းဖြစ်ခဲ့တဲ့ကိစ္စကို ကျွန်တော် ဒီလုပ်ငန်းပမာဏကို သိပါတယ်။

အဲဒါကြောင့်မို့လို့ လွှတ်တော်ကနေပြီးတော့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုရှေ့နေချုပ်နဲ့တကွ အစိုးရအဖွဲ့ကို ဒါ ဂုဏ်ပြုတဲ့ ကျွန်တော်တို့ရဲ့ အားကိုးအားထား လုပ်ငန်းတစ်ရပ် တာဝန်အကူအညီ ရယူတယ်လို့ မှတ်ယူပြီးတော့မှ အဆောတလျှင်ဆိုတဲ့ကိစ္စကိုတော့ ကျွန်တော်တို့က ဒီဥစ္စာ ပညာရှင်တွေရဲ့ အခန်းကဏ္ဍ အချိန်ယူ ဆောင်ရွက်သွားရမှာ ဖြစ်တဲ့အတွက် တစ်ဖက်ရဲ့အခြေအနေကို ကျွန်တော်တို့ လွှတ်တော်ကလည်း နားလည်ပေးနိုင်ဖို့နဲ့ အဆိုရှင်ရဲ့ တင်သွင်းတဲ့ အဆိုကို အလေးအနက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**အချိန်၊ ၁၄း၅၇။**

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၇။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံပြီး အေးချမ်းကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ မကွေးတိုင်း ဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၂)က ဦးအောင်ငြိမ်းရဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာဘာသာဖြင့်ပြဋ္ဌာန်း ထားသော တည်ဆဲ ဥပဒေများကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း ဘာသာပြန်ဆို ထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အား အထူးတာဝန်တစ်ရပ်အဖြစ် ပေးအပ်၍ ဆောလျင်စွာ ဆောင်ရွက်စေရန် ဆိုတဲ့၊ တိုက်တွန်းတဲ့ အဆိုကို ကျွန်မက အလေးအနက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြန်မာနိုင်ငံဆိုလို့ရှိရင် အခုအချိန်မှာ ကျွန်မတို့ ဒီမိုကရေစီနိုင်ငံအသစ်ကိုထူထောင်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ချီတက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်မတို့စိန်ခေါ်မှုတွေအများကြီးရှိနေတဲ့အထဲကမှ အရေးကြီးဆုံးကတော့ တရားဥပဒေစိုးမိုးရေး ပါပဲ။ အဲဒီလိုတရားဥပဒေစိုးမိုးရေးအတွက် ဘာတွေလိုအပ်သလဲဆိုလို့ရှိရင် ပြည်သူလူထု သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးဟာ မိမိအတွက်သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်း ဥပဒေ၊ လိုက်နာရန်တားမြစ်ထားတဲ့ တားမြစ်ချက်ဥပဒေစတဲ့ စည်းမျဉ်းစည်းကမ်းတွေကို သိရှိနားလည်ထားဖို့လိုအပ်ပါတယ်။ အဲဒီတော့ကျွန်မတို့ရဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ စေတနာကြောင့်မို့လို့ ကျွန်မတို့ အစောကြီးထဲကပဲ ကိုလိုနီခေတ်ကတည်းက အခုထိ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ နောက်ပြီးတော့ တည်ဆဲတွေ စသည်ဖြင့် ကျွန်မတို့ အများကြီး ဇယားနဲ့တကွ လေ့လာခွင့်ရခဲ့ပါတယ်။

နောက်ပြီးတော့လည်း ကျွန်မတို့ ဥပဒေတွေနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ ဝန်ကြီးဌာန အလိုက် ပြင်ဆင်ဖို့ တာဝန်တွေပေးတဲ့အခါမှာ ကျွန်မအဲဒီတုန်းကတော့ စွမ်းအင်ကို ကျွန်မက စစ်ဆေးပြီးတော့ စိစစ်ပြီးတော့ ကျွန်မတို့ တင်ခဲ့တာတွေရှိပါတယ်။ သို့သော်လည်း ဒီလွှတ်တော်မှာတော့ အဲဒီဟာကို အခုအချိန်အထိ မတင်ရသေးဘူး ထင်ပါတယ်။ အဲဒီထဲမှာတောင်မှ ဝန်ကြီးဌာန ဥပဒေ (၃)ခုလောက် မြန်မာဘာသာကို ပြန်ဆိုခြင်းမရှိသေးပါဘူး။ ဒီအထဲမှာလည်း ခေတ်စနစ်နဲ့ မလျော်ညီတဲ့ပြစ်ဒဏ်တွေ၊ ဘာတွေ ဆုံးဖြတ်မယ့်သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ အာဏာပိုင် ပုဂ္ဂိုလ်ရဲ့ ရာထူးအဆင့်တွေ မတူညီတာတွေ၊ ဒါတွေ ဘာတွေရှိပါတယ်။ အခုအချိန်မှာ ကျွန်မတို့

အင်မတန်အရေးကြီးတာ ဘာလဲဆိုတော့ ဥပဒေတွေပါ။ ကျွန်မတို့ရဲ့ အခြေခံဖွဲ့စည်းပုံဥပဒေကို တောင်မှပဲ တကယ်ထုတ်လိုက် တဲ့စာအုပ်ကြီးမှာ မြန်မာလိုတစ်ဖက်၊ အင်္ဂလိပ်လိုတစ်ဖက် နှစ်ခု ပါ ပါတယ်။ ဒါဟာ လိုအပ်ချက်အရ၊ လက်ရှိနိုင်ငံရေးအခြေနေအရ လုပ်တာလို့ ကျွန်မတို့ နားလည်ပါတယ်။

အဲဒီတော့ အခုလည်း ကျွန်မတို့ပြည်သူလူထုအားလုံးနားလည်ဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ကိုယ်ဆောင်ရွက်ရမယ့် ဥပဒေတွေကို တိတိကျကျ ပြည်သူတွေ လေးစားလိုက်နာနိုင်ဖို့ အတွက်က တကယ်သိထားမှသာလျှင် တကယ်လည်း လေးစားလိုက်နာနိုင်တာဖြစ်ပါတယ်။ အဲဒီတော့ ပြဋ္ဌာန်းထားဆဲ မြန်မာနိုင်ငံမှာရှိနေတဲ့ အင်္ဂလိပ်ဘာသာနဲ့ဟာတွေကို ကျွန်မတို့က သိဖို့ဆိုလို့ရှိရင် မြန်မာဘာသာကို ပြန်ဆိုပြီးတော့မှ အလေးအနက် တကယ့်ကို လေးလေးနက်နက်နဲ့ဆောင်ရွက်ပြီးတဲ့ အခါကျတော့မှ ပြည်သူလူထုကြားထဲမှာ နားလည်အောင် ဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူလူထု ကလည်း ဒီဥပဒေတွေကို သိပြီးတဲ့အခါကျတော့မှ လေးစားလိုက်နာနိုင်မှာ ဖြစ်ပါတယ်။ အခုတော့ ကျွန်မအနေနဲ့ ပြရမယ်ဆိုလို့ရှိရင် တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ တချို့ဆိုလို့ရှိရင် ဘယ်အခန်း ဘယ်ပုဒ်မမှာ ဘာတွေရှိတယ်၊ ဘယ်လိုပြဋ္ဌာန်းချက်တွေ ရှိတယ်ဆိုတာ မသိတဲ့အခါ ကျတော့ကာ ကိုယ့်ရဲ့လယ်ကွက်ကို ဝင်လာရင် ဘာကိစ္စလဲခင်ဗျာလို့ မေးတာနဲ့တင်ပဲ တာဝန်ဝတ္တရား နှောင့်ယှက်မှုနဲ့ ဆိုပြီးတော့ တရားစွဲခံရတာတွေ ဘာတွေရှိတဲ့ အဲဒါမျိုးတွေရှိတဲ့ အခါကျတော့ကာ ကျွန်မတို့ ပြည်သူလူထုတွေအတွက် တကယ်ပဲတရားဥပဒေ စိုးမိုးစေချင်တယ်၊ တည်ငြိမ်အေးချမ်း စေချင်တယ်၊ ဖွံ့ဖြိုးတိုးတက်စေချင်တယ် ဆိုလို့ရှိရင်တော့ ကျွန်မတို့က ဒီအင်္ဂလိပ်လို ပြဋ္ဌာန်းထားတဲ့ ဟာတွေကိုလည်း မြန်မာလိုပြန်သင့်ပြီးတဲ့အခါကျတော့ မြန်မာလိုပြဋ္ဌာန်းထားတဲ့ဟာတွေကိုလည်း အစောကပြောသလိုပဲ ကျွန်မတို့နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာကနေ လေ့လာနိုင် အောင် ကျွန်မတို့က အင်္ဂလိပ်လို ဘာသာပြန်ကြရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၂၁)အရ ကျွန်မတို့ အဲဒီထဲမှာတော့ ပြဋ္ဌာန်းချက်တွေရှိပါတယ်။ အဲဒီထဲမှာ နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်မတို့နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်ဆိုတာပါပါတယ်။ ပုဒ်မ(၃၈၈)မှာလည်းအဲဒီလို ပါ ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပဒေပြုမဏ္ဍိုင်ကို ကျွန်မတို့က တာဝန်ယူပြီးဆောင်ရွက်နေတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ဒီလောက် အင်မတန်အရေးကြီးတဲ့ နိုင်ငံတော်အတွက် လိုအပ်နေတဲ့ ဟိုးအရင်ကတည်းက မြန်မာပြန်ဆိုပြီးသား ဖြစ်ရမယ့်ဟာတွေ အခုချိန်ကျမှကျွန်မတို့တင်ရမယ်ဆိုရင် နည်းနည်းတောင်မှပဲ ကျွန်မတို့လွှတ်တော် သက်တမ်း(၃)နှစ်ရောက်တော့မှ တင်ရတာဖြစ်တဲ့အတွက် နည်းနည်းတောင်မှ နောက်ကျတယ်လို့ ကျွန်မတို့အနေနဲ့ကတော့ ထင်ပါတယ်။

အဲဒါကြောင့်မို့လို့ အခု ဦးအောင်ငြိမ်း တင်သွင်းတဲ့ မြန်မာကနေ အင်္ဂလိပ်သို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာကနေ မြန်မာဘာသာသို့လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ကို အထူးတာဝန် တစ်ရပ်အဖြစ် ဆောလျင်စွာဆောင်ရွက်စေရန်ဆိုတဲ့အဆိုကို ထောက်ခံပါတယ်။ အဲဒီမှာလည်း ဆရာ ဦးအောင်ငြိမ်း ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အထဲမှာ ကျွန်မတို့ အရင်တုန်းက ပြည်ထဲရေး အောက်မှာ အဖွဲ့ကတစ်ခု၊ နောက်တစ်ခါတရားရေးအောက်မှာ အုပ်ချုပ်ရေးကတစ်ခု အဖွဲ့နှစ်ခုက နေပြီးတော့ ဒီဘာသာပြန်တဲ့အလုပ်တွေနဲ့ တခြားဥပဒေနဲ့ ပတ်သက်တာကို ဆောင်ရွက်နေတဲ့ အခါကျတော့ သူတို့က ဒါဝေါဟာရကွဲလွဲမှုတွေ၊ လုပ်ငန်းမတွင်ကျယ်တာတွေ အဲဒီလိုဖြစ်တယ်လို့

အဲဒီလိုအစီရင်ခံထားတာ၊ တင်ပြထားတာ ပါ ပါတယ်။ နောက်တစ်ခုကတော့ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလိုပါပဲ အင်္ဂလိပ်ကနေ အင်္ဂလိပ်ကိုပြောင်းတာတောင်မှပဲ စကားလုံး အမှားအယွင်း ကြောင့်မို့လို့ သို့သော်လည်း ဘယ်အဖွဲ့ကပြန်တာမှန်းမသိလို့မို့လို့ တာဝန်ခံမယ့်သူမရှိတာဖြစ်ပါတယ်။

သိပ်လည်းအရေးကြီးတယ်၊ တာဝန်ယူဖို့လိုတာဖြစ်တဲ့အတွက်ကြောင့် တစ်ဦး တစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုကိုပဲ အတိအကျသတ်သတ်မှတ်မှတ်နဲ့တာဝန်ပေးပြီးတော့မှ ဒါကို အလေးအနက်ဆောင်ရွက်နိုင်ဖို့အတွက်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးအောင်ငြိမ်း ရဲ့ အဆိုကို ကျွန်မကတော့ နိုင်ငံတော်ကနေပြီးတော့ အလေးအနက်ထားပြီးတော့ အဆောတလျင် ဆောင်ရွက်သင့်ပါကြောင်း ကျွန်မအနေနဲ့ အလေးအနက်ထောက်ခံရင်းနဲ့ အဆိုကို နိဂုံးချုပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၅း၀၃။**

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရွှေနေချုပ်ရုံး၊ ပြည်ထောင်စုရွှေနေချုပ် က ပြန်လည် ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၀၃။**

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရွှေနေချုပ်)**။ ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥပဒေဘာသာပြန်ဆိုခြင်းကိစ္စနဲ့စပ်လျဉ်းလို့ အခုလို မေးခွန်း မေးမြန်းခဲ့ပြီးတော့ အဆိုတင်သွင်းခဲ့တဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ အထူးပဲ ကျေးဇူးတင်ရှိ ပါတယ်။ ဒီအဆိုဟာဆိုလို့ရှိရင် အလွန်တစ်ရာမှစိတ်ဝင်စားစရာကောင်းပြီးတော့ ဆွေးနွေးဖို့ သင့်တဲ့ ကိစ္စ၊ အဆိုတင်သွင်းဖို့ကိစ္စဖြစ်တဲ့အတွက်လို့ ကျွန်တော်ခံယူပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ပြည်ထောင်စု ရွှေနေချုပ်ရုံးအနေနဲ့ ဒီဘာသာရပ်နဲ့ပတ်သက်လို့ အသေးစိတ် ကျွန်တော်တို့ လေ့လာ ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါကိုလည်း ကျွန်တော် အချိန်ကိုလေးစားသောအားဖြင့် ချုံးပြီးတော့ပဲ ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေဘာသာပြန်ဆိုခြင်းလုပ်ငန်းဟာ ဥပဒေပညာရပ် အပိုင်းမှကြည့်မယ်ဆိုလို့ရှိရင် သူကအင်မတန်မှနူးညံ့သိမ်မွေ့ပြီးတော့ အင်မတန်မှနက်နဲတဲ့ပညာ ဖြစ်တယ်ဆိုတာလည်း ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ဘာသာပြန်ဆိုခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံမှာသာမကဘဲနဲ့ အိမ်နီးနားချင်းနိုင်ငံများမှာလည်း ဒါကို ဆောင်ရွက်လျက်ရှိပါတယ်။ သူ့လုပ်ငန်းဟာ ဥပဒေရေးဆွဲရေးလုပ်ငန်း၊ ဥပဒေစိစစ်ရေးလုပ်ငန်းနှင့် မတူဘဲနဲ့ သီးခြားပညာရပ်အနေနဲ့လည်း ဆောင်ရွက်ရတာတွေ့ရပါတယ်။ ဒါကြောင့်မို့ ဒီပညာရပ် အနေနဲ့ကျွန်တော်တို့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဥပဒေတစ်ခု ဘာသာပြန်တော့မယ်ဆိုလို့ရှိရင် မြန်မာကပဲ အင်္ဂလိပ်လိုပြန်ပြန်၊ အင်္ဂလိပ်ကပဲ မြန်မာလိုပြန်ပြန် ကျွန်တော်တို့ ဒါကိုကြည့်မယ်ဆိုလို့ရှိရင် အရင်ဆုံး Over all Comprehensive Spirit ဆိုတဲ့ တစ်ခုလုံးကို ကြည့်ပြီးတော့ ပြင်တာတွေရှိ ပါတယ်။ တစ်ခါနောက်တစ်ဆင့်ကူးသွားတာ မပြီးသေးပါဘူး။ သူ့ရဲ့ Spirit ခေါ်တဲ့ Spirit or Subject, Subjectနဲ့ Spirit တွေကိုလည်း ကျွန်တော်ကြည့်ရပါမယ်။ Subject နဲ့ ပြီးပြီလား မပြီးသေးပါဘူး။ Letter လို့ခေါ်တဲ့

သူ့ရဲ့ဝေါဟာရ အဓိပ္ပာယ်ကိုကျွန်တော်ကြည့်ပြီးတော့မှ ပြန်မှသာလျှင် ဘာသာ ပြန်ဆိုချက်က စောစောက ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားသလိုပဲ အများ ပြည်သူများ နားလည်နိုင်ပြီးတော့ ဒီဟာက ပြီးပြည့်စုံတဲ့ဘာသာပြန်ဆိုခြင်းလို့ ကျွန်တော်တို့ ခံယူ ပါတယ်။ ဒါကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

တစ်ဖန် ဒုတိယအနေနဲ့ ကျွန်တော်တို့ နိုင်ငံတကာပိုင်းမှာ ကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံတကာ မှာ ဥပဒေစနစ်ပေါင်းများစွာရှိပါတယ်။ ရှိတယ်ဆိုတဲ့အထဲမှာ အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်ကို ကျင့်သုံးတဲ့ English Common Low နဲ့ Amglo American System လို့ခေါ်တဲ့ အင်္ဂလိပ်ဘာသာရပ်နဲ့ ရေးဆွဲထားတဲ့ ဥပဒေများကို ဘာသာပြန်လေ့ရှိတဲ့နေရာများမှာတော့ တခြားဘာသာသို့ ပြန်လေ့ သိပ်မရှိကြပါဘူး။ သို့သော်ငြားလည်း ကမ္ဘာမှာဝါအရင့်ဆုံးဥပဒေစနစ်တစ်ခု ဖြစ်တဲ့ Civil Law Legal System ဖြစ်တဲ့ ရောမခေတ်ကနေ ပေါ်လာပြီးတော့ နပိုလီယံခေတ်မှာ ကျင့်သုံးလာတဲ့ Civil Coded နဲ့ Civil Law ခုကျင့်သုံးနေတဲ့ ဥရောပစနစ်မှာကျတော့ သူတို့ဘာသာရပ်က အင်္ဂလိပ်ဘာသာ မဖြစ်တဲ့အတွက် သူတို့ဘာသာရပ်နဲ့သူတို့ ပြန်ပြီးတော့ အင်္ဂလိပ်ဘာသာ ပြန်လေ့ရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

တစ်ဖန် မြန်မာနိုင်ငံရဲ့ အစဦးအလာကို ကျွန်တော်လေ့လာပါတယ်။ မြန်မာနိုင်ငံရဲ့ အစဦးအလာကို ဥက္ကဋ္ဌကြီးခင်ဗျား လေ့လာတဲ့အခါမှာလည်း ဘာတွေ့ရလဲဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ အားလုံး ယဉ်ပါးထားတဲ့ Maynmar Code ဆိုတာရှိပါတယ်။ Maynmar Code က ၁၉၅၄ ခုနှစ် ကနေ စုဆောင်းပြီးတော့ ၁၉၅၆ မှာ ထုတ်ပြန်ထားတာတွေ့ရပါတယ်။ ဒီ Maynmar Code မှာ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ခေတ်အဆက်ဆက် ဘာသာပြန်ဆိုတဲ့ အဖွဲ့များကို လုပ်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်မှာ တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးတစ်ပါးဦးဆောင်ပြီးတော့ နိုင်ငံတော်ရှေ့နေချုပ် ကနေ အဖွဲ့ဝင်အနေနဲ့လုပ်တဲ့ ဥပဒေဘာသာပြန်ပြင်ဆင်ခြင်း ကော်မတီကို ဖွဲ့ခဲ့ပါတယ်။ တစ်ဖန် ကော်မတီကနေ တစ်ခါ ဆက်လက်ပြီးတော့ ပေါက်ဖွားလာတဲ့ ကော်မတီများကလည်း များစွာတွေ့ရ ပြီးတော့ ဒီဟာကို ခေတ်အဆက်ဆက် ၆၉ ခုနှစ်မှာတစ်ကြိမ်၊ ၁၉၇၂ ခုနှစ်မှာတစ်ကြိမ် ကျွန်တော်တို့ လုပ်ခဲ့ပါတယ်။ ၇၆ ခုနှစ်မှာတော့ တစ်ခါ ကျွန်တော်တို့ ဘာလုပ်ခဲ့လဲဆိုရင် နိုင်ငံတော်ကောင်စီ ကနေပြီးတော့ အမိန့်ကြေညာစာအမှတ် ၆၆/၇၆ နဲ့ ဥပဒေစစ်ဆေးရေးနဲ့ ဘာသာပြန်စိစစ်ရေး ကော်မတီကို လုပ်ခဲ့ပြီးတော့ ဒီဟာကို ကျွန်တော်တို့ ဆောင်ရွက်ပြီးတော့ လုပ်ခဲ့တာ ကျွန်တော် တွေ့ရ ပါတယ်။

ဒီခေတ်မှာ မြန်မာဘာသာကနေ အင်္ဂလိပ်ဘာသာကိုပြန်ဆိုတဲ့ဥပဒေ နှစ်ခုပဲ ကျွန်တော် တွေ့ရပါတယ်။ တစ်ဖန် ၁၉၈၈ ခုနှစ် န.ယ.က ခေတ်၊ န.ဝ.တခေတ် ရောက်တဲ့အခါမှာ ကျွန်တော်တို့ ရှေ့နေချုပ် ဥပဒေ ၁၉၈၈ခုနှစ် ဥပဒေအမှတ် ၃၈၈ ကိုပြဋ္ဌာန်းပြီးတော့ အဲဒီမှာ ဘာပါလဲဆိုလို့ရှိရင် ပုဒ်မ ၃(င)မှာ ဥပဒေများစိစစ်ခြင်း၊ ရေးဆွဲခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ခေတ်နဲ့လျော်ညီစေရန် ပြင်ဆင်ခြင်းနဲ့ ဥပဒေလက်စွဲများကို ထုတ်ဝေခြင်းဆိုတဲ့တာဝန်ကို ကျွန်တော်တို့ ရှေ့နေချုပ်ကို ပေးခဲ့တာ တွေ့ရပါတယ်။

တစ်ဖန် န.ယ.က ခေတ်မှာတစ်ခါ ထပ်ပြီးတော့ ဥပဒေတစ်ခါ ၂၀၀၁ ခုနှစ်မှာ ပေါ်ပါတယ်။ ဒီဥပဒေမှာဆိုလို့ရှိရင် ပုဒ်မ ၃(င)မှာ ဥပဒေများကို စိစစ်ခြင်း၊ ရေးဆွဲခြင်း၊ ဘာသာပြန်ဆိုခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီဟာများကို ကျွန်တော်တို့ဆောင်ရွက်တဲ့အခါမှာ ခေတ်အဆက် ဆက်

မြန်မာနိုင်ငံမှာ ဆောင်ရွက်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့လည်း ဒီဟာကို ကျွန်တော်တို့ရဲ့ Process ရုံးအရင်ဖြစ်တဲ့ ရှေ့နေချုပ်ရုံးမှာလည်း ကျွန်တော်တို့ရဲ့ဘာသာပြန်ဆိုခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့တာကို ကျွန်တော်တွေ့ရပါတယ်။ တစ်ဖန် ကျွန်တော်တို့ ၁၉၈၃ ခုနှစ်မှာတော့ ကျွန်တော်တို့ စိတ်ဝင်စားစရာကောင်းတာက နိုင်ငံတော်ကောင်စီဥပဒေ ကော်မရှင်က နေပြီးတော့ အင်္ဂလိပ်-မြန်မာ ဥပဒေဝေါဟာရအဘိဓါန်ဆိုပြီးတော့ ကျွန်တော်တို့ English-Myanmar Law Dictionary လုပ်ခဲ့ပါတယ်။ လုပ်ခဲ့တော့ ဒီမှာဆိုရင် ကျွန်တော်တို့ မြန်မာဆန်ဆန် ပြောရလို့ရှိရင် ဥက္ကဋ္ဌကြီးခင်ဗျား။ Oraginally လုပ်တဲ့အခါမှာ မူလစတဲ့အခါမှာ အားလုံး မြန်မာဝေါဟာရလို့ခေါ်တဲ့ မြန်မာဆန်ဆန် အခေါ်ကတော့ တီဘုတ် လို့ခေါ်ပါတယ်။ တီဘုတ် ၂၇၄၁ ကနေ စလိုက်တဲ့အခါမှာ နောက်ဆုံး Addition မှာ ဘယ်လောက်တက်သွားလဲဆိုလို့ရှိရင် ၄၂၀၀ အထိ တက်သွား ပါတယ်။

ဒီဟာ ကျွန်တော်တို့ ဘာကိုပြလဲဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါအဝင် ပြည်သူကနေပြီး စိတ်ဝင်စားမှုရှိအောင် ပြပါတယ်။ ဒါကြောင့်မို့လည်း ဒီစာအုပ်က ဒီနေ့အထိ မြန်မာနိုင်ငံမှာ တရားဝင် Authority အနေနဲ့တည်ရှိပြီးတော့ ဒီစာအုပ်ကိုအမြဲတမ်း ကျွန်တော် ကိုးကား လေ့ရှိပါတယ်။ လက်ဆောင်လည်း ပေးလေ့ရှိပါတယ်။ အရောင်းလည်း အင်မတန်သွက်တဲ့ စာအုပ် ဖြစ်ပါတယ်။ တစ်ဖန် ကျွန်တော်တို့ အခြေခံဥပဒေပိုင်းမှာ ကြည့်မယ်ဆိုလို့ရှိရင်လည်း ကိုယ်စားလှယ် တော်ကြီး များဆွေးနွေးသွားတာ အင်မတန်သင့်မြတ်ပါတယ်။

ကျွန်တော်တို့ ၄၉ ခုနှစ်ဥပဒေမှာလည်း ပုဒ်မ ၂၁၆ မှာ မြန်မာဘာသာဟာ ရုံးသုံးဘာသာ ဖြစ်တယ်။ သို့ရာတွင် အင်္ဂလိပ်ဘာသာကိုလည်း သုံးခွင့်ပြုတယ်လို့ပါပါတယ်။ တစ်ဖန် ၁၉၇၄ ခုနှစ် ဥပဒေမှာလည်း ကျွန်တော်တို့ အခြေခံဥပဒေမှာလည်း ရုံးသုံးစာမြန်မာစာ ဖြစ်တယ်။ သို့ရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာများကိုလည်းသုံးနိုင်တယ်လို့ပါပါတယ်။ တစ်ဖန်ကျွန်တော်တို့ အားလုံး သိတဲ့အတိုင်းပဲ အခုလက်ရှိအခြေခံဥပဒေမှာတော့ ပုဒ်မ ၄၅၀ မှာလည်း စောစောက ဆွေးနွေးသွားတဲ့ အတိုင်းပဲ မြန်မာစာဟာ ရုံးသုံးစာဖြစ်တယ်လို့ ပါ ပါတယ်။ ဒါကြောင့်မို့ မြန်မာစာသာလျှင် Officially လို့ခေါ်တဲ့ Phonetic ဘာသာရပ် ဖြစ်တယ်ဆိုတာ အငြင်းမပွားဘဲနဲ့ တည်ရှိနေတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ခေတ်အဆက်ဆက်မှာလုပ်တဲ့ ရှေ့နေချုပ်ဥပဒေများအဖြစ်ကို နောက်ဆုံး ကျွန်တော်တို့ပေါ်လာတဲ့ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေမှာလည်း ထိုနည်းလည်းကောင်း ပါပြီးတော့ ကျွန်တော်တို့ ပုဒ်မ ၁၂ (ည)မှာ ဥပဒေများကို ဘာသာပြန်ဆိုခြင်းဆိုတဲ့ လုပ်ငန်းကို ဆောင်ရွက်တာ တွေ့ရပါတယ်။ ဆိုတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာကို အသေးစိတ်ကြည့်ပြီးတော့ စာရင်းကောက်ပါတယ်။ စာရင်းကောက်တဲ့အခါမှာ ကျွန်တော်တို့ဘာတွေ့ရသလဲဆိုလို့ရှိရင် ၁၉၈၈ ခုနှစ်မတိုင်ခင်က ပြဋ္ဌာန်းခဲ့သော ဥပဒေများကို စိစစ်ရာ ကျွန်တော်တို့ ပဏ္ဏာမလေ့လာစိစစ်ရေးအနေနဲ့ မြန်မာနိုင်ငံမှာရှိနေတဲ့ Myanmar Code volume 1 ကနေပြီးတော့ (၁၃) အထိကို ၅၄ ခုနှစ်အထိကို စုစုပေါင်း (၁၈၆) ခုရှိပါတယ်။ ပါလီမန်ခေတ် ၁၉၅၅-၆၂ ခုနှစ်ထိကို ဥပဒေပေါင်း(၅၅)ခုရှိပါတယ်။ တော်လှန်ရေးကောင်စီခေတ် ၆၂ ခုနှစ်ကနေ ၇၄ ခုနှစ်အထိ ဥပဒေ (၇၃)ခု ရှိပါတယ်။ ပြည်သူ့လွှတ်တော်ခေတ် ၇၄ ခုနှစ်ကနေ ၈၈ ခုနှစ်အထိ ဥပဒေပေါင်း (၅၉) ရှိပါတယ်။ စုစုပေါင်း (၃၇၃) ခုရှိရာ ယင်းဥပဒေများကို အင်္ဂလိပ် ဘာသာနဲ့တည်ရှိတဲ့ ဥပဒေ အားလုံး ဘယ်လောက်ရှိ လဲဆိုလို့ ရှိရင် (၁၅၃) ခုရှိတယ်လို့ ကျွန်တော် သိရပါတယ်။

အဲဒီထဲမှာကျန်တာက ဘယ်လောက်ကျန်သလဲဆိုလို့ရှိရင် Balance က (၂၂၀)ကျန် ပြီးတော့ မြန်မာဘာသာနဲ့တည်ရှိတာကို တွေ့ရပါတယ်။ ဒါကျွန်တော်တို့စာရင်းပါပဲခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော်ကြည့်မယ်ဆိုလို့ရှိရင် ဒါကြောင့်မို့ ဥပဒေများကို ဘာသာပြန်ဆိုတဲ့အခါမှာ ရှေ့နေချုပ် ဥပဒေအရ ရှေ့နေချုပ်ရုံးအနေနဲ့လည်း ပြန်ပါတယ်။ ၂၀၁၁ ခုနှစ်အရလည်း ဒါကို ပြန်ဆိုပြီးတော့ ပြန်တဲ့အခါမှာလည်း အဓိကအားဖြင့် ဒီနောက်ပိုင်းမှာပါတဲ့ ဒီဥပဒေများအရ မြန်မာဘာသာကနေ ပြီးတော့ အင်္ဂလိပ်ဘာသာရပ်ကို ကျွန်တော်တို့ ပြန်ဆိုလေ့ရှိပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၃၉ အရ ရှေ့နေချုပ် နည်းဥပဒေများကို ဆက်လက်ကျင့်သုံးလျက် ရှိပါတယ်။ သူက ၂၀၁၁ ခုနှစ် ရှေ့နေချုပ်နည်းဥပဒေကို ကျင့်သုံးတဲ့အခါမှာ ဥပဒေဘာသာပြန်ဆိုခြင်းနဲ့စပ်လျဉ်းလို့ ဥပဒေများကို ဘာသာပြန်ဆိုရာမှာ ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေ အပိုဒ် ၁၉ အရ နိုင်ငံတော် အေးချမ်းသာယာရေး ကောင်စီကနေပြီးတော့ ပြဋ္ဌာန်းတဲ့ဥပဒေမူကြမ်းများကိုသာ မြန်မာဘာသာကနေ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန် သတ်မှတ်ထားခြင်းကြောင့် ထိုကာလမတိုင်မီ ပြဋ္ဌာန်းခဲ့တဲ့ တည်ဆဲဥပဒေများကို နောက်ကြောင်းပြန် ဘာသာပြန်ဆိုရန် တာဝန်ပေးလေ့မရှိကြောင်း တွေ့ရပါတယ်။

ယနေ့တည်ဆဲပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၁၂(ည)အရ ဥပဒေများကို ဘာသာပြန်ဆိုခြင်း တာဝန်ဆောင်ရွက်ရာမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေများကို အင်္ဂလိပ်ဘာသာနဲ့ပြန်ဆိုတာ အစဉ်မပြတ် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ ဥပဒေများကို အများပြည်သူသိရှိနားလည်နိုင်ရန် ရည်ရွယ်ပါက တည်ဆဲအင်္ဂလိပ်ဘာသာဖြင့်ရှိတဲ့ ဥပဒေများကို မြန်မာဘာသာနဲ့ ပြန်ဆိုရန်လိုအပ်မှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။ ၁၉၈၈ခုနှစ် မတိုင်ခင်က မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့သော တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန် လိုအပ်မည်မဟုတ်ကြောင်းလည်း ကျွန်တော် သုံးသပ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ဥပဒေအရ ဥပဒေဟောင်းများကို ဘာသာပြန်ဆိုရန် တာဝန်မရှိသော်လည်း အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရန်မှာ ဆောင်ရွက်သင့်တဲ့ကိစ္စတစ်ခုဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြပြီး ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ မြန်မာဘာသာဟာ Officially ဖြစ်တယ်ဆိုတဲ့အတွက် တိကျမှန်ကန်မှု ရှိစေဖို့အတွက် နက်နက်ရှိုင်းရှိုင်းလေ့လာရန်လည်း လိုအပ်ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးအနေနဲ့ ဥပဒေများကို ဘာသာပြန်ဆိုရန် တာဝန်ကိုထမ်းဆောင်ရာမှာ ပြည်ထောင်စု ရှေ့နေချုပ်ရုံးဟာ ဥပဒေများကိုစီမံခန့်ခွဲနေတဲ့ရုံးမဟုတ်တဲ့အတွက် စီမံခန့်ခွဲနေတဲ့ အကယ် ဝန်ကြီးဌာနများသာလျှင် စီမံထားပေးပါတယ်။ ဆိုတော့ ဒီဝန်ကြီးဌာနများရဲ့အကူအညီကိုလည်း ကျွန်တော်တို့ လိုပါတယ်။ Technically သူတို့ အနေနဲ့ အများကြီးပါပါတယ်။ ဥပမာအားဖြင့် ဥက္ကဋ္ဌကြီး ယဉ်ပါးတဲ့ ကျွန်တော်တို့ ဒီ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ Convention များ၊ စီးပွားရေးဥပဒေ၊ ပို့ဆောင်ရေးဥပဒေ၊ လေယာဉ် ဥပဒေ၊ သင်္ဘောများဥပဒေ၊ ဆိပ်ကမ်းဥပဒေ စတဲ့ဥပဒေများဟာ Technically အင်မတန်မှ နက်နဲတာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ကြည့်တဲ့အခါမှာ ၁၅၃ စာရင်းထဲပါသွားတဲ့အတွက် ဒါတွေလည်း သူတို့နဲ့ ကျွန်တော်တို့ ပေါင်းပြီးတော့ ဆောင်ရွက်နိုင်တဲ့အခြေအနေမှာရှိတယ်လို့ သုံးသပ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် တည်ပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအားလုံးပေါင်း(၈၉)ခုလည်း ဘာသာပြန်ဆိုပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုရှေ့နေချုပ်ရော၊ ဒုတိယရှေ့နေချုပ်ရော နိုင်ငံခြားသွားတဲ့အခါမှာ ဘာသာပြန်ဆိုချက်ကို ယူသွားတဲ့အခါမှာ နိုင်ငံတကာကလည်း ကျွန်တော်တို့ဘာသာပြန်ဆိုချက်များကို ကိုးကားပြီးတော့ လက်ခံတာကိုလည်း တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ အချုပ်ပြောရလို့ရှိရင် အင်္ဂလိပ်ဘာသာဖြင့် တည်ဆဲဥပဒေ (၁၅၃) ခုကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရမယ့် ကြီးမားတဲ့တာဝန်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေနဲ့ဆောင်ရွက်ဖို့အသင့်ပဲ ရှိပါတယ်။ ဒီလို ဘာသာပြန်ရမယ့် တာဝန်ကိုဆောင်ရွက် ထမ်းဆောင်ရမယ် ဆိုလို့ရှိရင် လက်ရှိအင်အားနဲ့မလုံလောက်ပါဘူး။ ကျွန်တော်တို့ရဲ့အင်အားကို ဘာသာပြန်ဌာနရှိပါတယ်။ အဲဒီမှာ အရာရှိ (၁၃)ယောက် ရှိပြီးတော့ ဌာနခွဲမှာ အားလုံးပေါင်း ရှိတဲ့ ပုဂ္ဂိုလ်များဟာ ဆိုလို့ရှိရင် ဒီအင်အားလည်း နည်းပါတယ်။ ဒါလည်း ဖြစ်ဖို့လည်းတင်ပါမယ်။ အကူအညီပေးဖို့လည်း ဆောင်ရွက်ပါ့မယ်။ စောစောကလွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့အတိုင်းပဲ ဥပဒေကို ပြည်သူ နားလည်မှသာလျှင် အကျိုးရှိမယ် ရှိတဲ့အတွက် ဒါဟာ ဥပဒေဆိုရိုးစကားဖြစ်တဲ့ ဥပဒေကို မသိနားမလည် ခြင်းကို ဥပဒေက ခွင့်မလွှတ်ပါဘူး။ ဒါပေမဲ့ ဥပဒေကိုနားလည်မှသာလျှင် လူဟာ လိုက်နာမယ့် အခြေအနေရှိတဲ့အတွက် ဒီဟာကို ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီတာဝန်နဲ့ပတ်သက်လို့ အထူးတာဝန်တစ်ရပ်အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ် အနေနဲ့ ထမ်းဆောင်ဖို့လည်း အသင့်ရှိပါတယ်။ အချိန်အတိုင်းအတာတစ်ခုအထိတော့ ကျွန်တော်တို့ လိုပါလိမ့်မယ်။ ဥပဒေ (၁၅၃) ခုဆိုတာအင်မတန်များတဲ့အတွက် (၂)နှစ်ခန့်တော့ ကျွန်တော်တို့ ကြာလိမ့်မယ်လို့ ကျွန်တော်ခန့်မှန်းပါတယ်။ အမြန်ဆုံးလည်း ဆောင်ရွက်ဖို့အသင့်ရှိတယ်ဆိုတဲ့ အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ရှေ့နေချုပ်ကြီးကို ကျွန်တော် အကြံတစ်ခုပေးချင်တယ်။ လတ်တလော ပြဋ္ဌာန်းတဲ့ဥပဒေတွေကို ရှေ့နေချုပ်ရုံးက ဝန်ထမ်းတွေနဲ့ဘာသာပြန်ပါ။ အဲဒီဝန်ထမ်းတွေလည်း အစိုးရအဖွဲ့ကိုတင်ပြပြီးတော့ ပြည့်ပြည့်ဝဝခန့်၊ လိုအပ်ရင်လည်း ဖွဲ့စည်းပုံ တိုးချဲ့ဖို့လိုတယ်။ ဒါကိုလည်း စဥ်ဆက်မပြတ်မွေးမြူပါ။ အဲဒီတော့ ဟိုအဟောင်းတွေကို ဘာသာပြန်ဖို့အတွက် ဒီဥပဒေ ဘာသာပြန်ရေး ကော်မရှင် ဥပဒေတစ်ရပ် ရေးဆွဲပြီးတော့ ဥပဒေကြမ်းတစ်ရပ် ဖွဲ့စည်းလိုက်မှရမယ်ထင်တယ်။ ဘယ်လို သဘောရလဲ။ အဟောင်းတွေကို ဘာသာပြန်ဖို့၊ ဥပဒေဘာသာပြန် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဖို့၊ ဥပဒေကြမ်းပေါ့။

**ဒေါက်တာထွန်းရှင် (ပြည်ထောင်စုရှေ့နေချုပ်ရုံး)** ။ ။ကျွန်တော်တို့ ဥက္ကဋ္ဌကြီး အမိန့်ရှိတာက နှစ်ပိုင်းကွဲသွားပါတယ် ခင်ဗျား။ ကျွန်တော်သဘောပေါက်တာက။ တစ်ပိုင်းကတော့ တည်ဆဲ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ကျွန်တော်တို့ပြန်ခဲ့တဲ့ ၈၉ ခုပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လတ်တလောဟာတွေပေါ့။ အခုနောက်ပိုင်း၊ လတ်တလောဟာတွေကို

**ဒေါက်တာထွန်းရှင်၊ (ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ကျွန်တော်တို့ဆက်ပြီး လုပ်ပါမယ် ခင်ဗျား။ ဒါလည်း ဒီဥပဒေတွေက သွားဖို့ရှိပါတယ်။ နောက် ဥက္ကဋ္ဌကြီးအမိန့်ရှိသလိုပဲ နောက် (၁၅၃) ကျန်တဲ့ဟာတွေကိုတော့ ကော်မရှင်နဲ့ပြန်ဖို့လည်း ဥပဒေတစ်ခုလိုပါလိမ့်မယ်ခင်ဗျား။ ဘာလို့လည်း

ဆိုတော့ ဥက္ကဋ္ဌကြီးသိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေဟာ ဒီအတွက်ကို ကျွန်တော်တို့ မပါဘူး။

**ဥက္ကဋ္ဌ။** ။ အဲဒါကြောင့်လေ အဲဒီကော်မရှင်တစ်ရပ်ဖွဲ့ဖို့ ဥပဒေကြမ်းတစ်ခုလိုမယ်။

**ဒေါက်တာထွန်းရှင်၊ (ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ကျွန်တော် သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။သဘောတူတယ်။ သဘောတူတယ်ဆိုရင် ဥပဒေကြမ်းကော်မတီက အဲဒါ ဆွဲပါ။ နော်၊ ဒါ ဘာမှခဲယဉ်းတဲ့ကိစ္စမဟုတ်ပါဘူး။ အဲဒီတော့ ရှေ့နေချုပ်နဲ့တိုင်ပင်မယ်၊ ကျနော်တို့ ရှေ့နေချုပ်က အကြံပြုမယ်။ ကျနော်တို့အစိုးရဝန်ကြီးဌာနတွေနဲ့တိုင်ပင်မယ်၊ ဘယ်သူတွေပါသင့်သလဲ တိုင်ပင်မယ်။ ကျယ်ကျယ်ပြန့်ပြန့်နဲ့တိုင်ပင်မယ်။ အဲဒီအတွက် ရုံးလုပ်ငန်းတာဝန်တွေကို ဘယ်သူက ထမ်းဆောင်ပေးရမယ်။ သူ့ရဲ့သက်တမ်းကတော့ အဲဒီအဟောင်းတွေ ပြန်ပြီးတဲ့အချိန်အထိ ဖြစ်မယ်ဆိုတာ မျိုးပေါ့နော်။ ဒါကတော့Retier ပညာရှင်တွေ၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်တဲ့ ပညာရှင်၊ ဥပဒေဘာသာရပ် ကျွမ်းကျင်တဲ့ ပညာရှင်တွေပေါ့၊ အဲဒီလိုလုပ်ပြီးတော့ အမျိုးသားလွှတ်တော်ကို တင်မယ်ဆိုရင် ရှေ့နေချုပ်ကြီးအဆင်ပြေမှာပေါ့။ ဟုတ်တယ်မို့လား။ အဲဒီထဲမှာ ရှေ့နေချုပ်ကြီးလည်း ပါဖို့တော့ လိုတာပေါ့။ အဲဒီ ကော်မရှင်မှာ။ ဒီလတ်တလော ဒီဘက်ခေတ် ပြည်ထောင်စုလွှတ်တော်က ပြန်တာတွေတော့ ရှေ့နေချုပ်ရုံးက တာဝန်ယူပြီးတော့ ပြန်လိုက်၊ ဟိုကိစ္စကို ကော်မရှင်ကို တာဝန် ပေးလိုက်။ အဲဒီဥပဒေကြမ်းဆွဲတဲ့အခါမှာ ရှေ့နေချုပ်ကြီးက ဒီဥစ္စာနဲ့ပတ်သက်တဲ့ အပြည့်အဝ အကြံဉာဏ်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်နားဆဲ ကာလမှာ ဒီဥပဒေကြမ်း ဆွဲလိုက်ပါ။ ဆွဲပြီးတဲ့အခါကျတော့ လာမယ့်လွှတ်တော် Session မှာ ဒါ တင်တာပေါ့နော်။

ဒါကြောင့်မို့လို့ ဒီအဆိုမှာ ဆောလျင်စွာဆိုတဲ့ကိစ္စလေးတော့ ဦးအောင်ငြိမ်းက ဖြုတ်လိုက်ပါ။ ဟုတ်ပြီလား။ ဆောလျင်စွာဆိုတာ အနည်းဆုံး(၂)နှစ်လောက် ဒါလိုမှာပဲ။ နှစ် နှစ် တောင် ကချင်မှကမှာ။ ဒီဥစ္စာ ပြန်ဖို့အတွက်။ ဟုတ်ပြီနော်။ သဘောတူလား။

**ဥက္ကဋ္ဌ။** ။ဖတ်ပြမယ်။ ရှေ့နေချုပ် နားထောင်ပါ။ အဆို ပြင်တာလေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခဲ့သောတည်ဆဲ ဥပဒေများကို မြန်မာဘာသာသို့ပြန်ဆိုရန် ဥပဒေဘာသာပြန်ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍လည်းကောင်း၊ လက်ရှိမြန်မာဘာသာဖြင့် ပြဋ္ဌာန်းနေသော တည်ဆဲဥပဒေများကိုအင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆို ထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း တာဝန်ပေးအပ်၍ ဆောင်ရွက်စေရန်၊ ဒီအဆိုဆိုရင် အဆင်ပြေပါတယ်။

**ဒေါက်တာထွန်းရှင် (ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။စောစောက ဥက္ကဋ္ဌကြီး အမိန့်ရှိတဲ့ အဆိုဟာ အင်မတန် သင့်မြတ်ပါတယ်။ ကျွန်တော် လုံးဝထောက်ခံပါတယ်။

**အချိန်၊ ၁၅:၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခဲ့သော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုရန်

ဥပဒေဘာသာပြန် ကော်မရှင် တစ်ရပ် ဖွဲ့စည်း၍လည်းကောင်း၊ လက်ရှိမြန်မာဘာသာဖြင့် ပြဋ္ဌာန်းနေသော တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း တာဝန်ပေးအပ်၍ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူမတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၆၅) ၊ ကန့်ကွက် မရှိ၊ ကြားနေ မရှိ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးအောင်ငြိမ်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် နှုတ်ခွန်းဆက်စကား ပြောကြားခြင်း**

**အချိန်၊ ၁၅း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ၁၃-၁-၂၀၁၄ ရက်နေ့မှ ယနေ့ ၂၆-၃-၂၀၁၄ ရက်နေ့အတွင်း ၃၀ ရက် ကျင်းပပြုလုပ်ခဲ့ပါတယ်။ နဝမပုံမှန်အစည်းအဝေးမှာ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းများကိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ အချိန်ကိုငဲ့ညှာတဲ့အနေနဲ့ မေးခွန်း အရေအတွက်၊ အဆိုအရေအတွက်၊ ဥပဒေအရေအတွက်တွေကို ဖတ်ကြားရှင်းလင်းတင်ပြခြင်း မပြုတော့ပါ။ လိုအပ်တဲ့ ပုဂ္ဂိုလ်များ လွှတ်တော်ရုံးမှာရယူနိုင်ကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်နဲ့ လုပ်ငန်းအကူအဖွဲ့ကို အမျိုးသားလွှတ်တော် အစည်းအဝေးဆောင်မှာ ၁၃-၁-၂၀၁၄ ရက်နေ့မှာ စတင်ဖွင့်လှစ်ထားရှိပြီး နဝမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုတဲ့ စာတမ်း(၂)စောင်နဲ့ အချက်အလက်(၈)ခုပြုစုပေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော် နဝမအစည်းအဝေးမတိုင်ခင်အထိအမျိုးသားလွှတ်တော် စာကြည့်တိုက်မှာ စုဆောင်းရရှိထားတဲ့ စာအုပ်စုစုပေါင်း (၆၇၁၆)အုပ် ဖြစ်ပြီး၊ ယခုအစည်းအဝေးကာလအတွင်း ထပ်မံစုဆောင်းတဲ့ စာအုပ် (၂၂၆၃)အုပ်ဖြစ်တဲ့အတွက် စုစုပေါင်းစာအုပ် (၈၉၇၉)အုပ် အမျိုးသားလွှတ်တော် စာကြည့်တိုက်မှာ စုဆောင်းရရှိထားပြီးဖြစ်ကြောင်းလည်း ကြေညာပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄ အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝှမ်းလုံး၌ တည်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ကို

ပြည်သူအုပ်ချုပ်တဲ့စနစ်လို့ပြောနိုင်ပါတယ်။ နိုင်ငံသားအားလုံး ဒီလွှတ်တော်ထဲမှာ လာရောက်မထိုင်နိုင်တဲ့ အတွက် ယင်းတို့ရဲ့ကိုယ်စားလွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်စေလွှတ်လိုက်တာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့အာဏာ ထက်မြက်ရေးအတွက် ကျိုးနွံစွာဖော်ဆောင်ကြဖို့ တာဝန်ရှိပါတယ်။ လွှတ်တော်အစည်းအဝေးတွေမှာ ပြည်သူတွေကပေးလိုက်တဲ့ တာဝန်တွေကို ထမ်းဆောင်သလို လွှတ်တော်ရပ်နားထားစဥ်မှာ ပြည်သူတွေက ထပ်မံပေးအပ်မယ့်တာဝန်တွေကို ခံယူကြရမှာ ဖြစ်ပါတယ်။ တရားဥပဒေနဲ့အညီပေးတဲ့ ပြည်သူတွေရဲ့ အမိန့်သံကိုနာခံကြရမှာဖြစ်ပါတယ်။ ပြည်သူအများစု ခံစားနေကြရတဲ့ ဒုက္ခဝေဒနာတွေကို ပြည်သူနဲ့ ထပ်တူခံစားပြီးဥပဒေ အကူအညီနဲ့ တွန်းလှန်ဖယ်ရှားပေးကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းတွေ၊ တင်သွင်းတဲ့ အဆိုတွေနဲ့ ဥပဒေကြမ်းတွေဟာ ပြည်သူ့နှုတ်ဖျားက ထွက်ကျလာတဲ့ စကားတွေ၊ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒကို ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ချက်တွေ ဖြစ်ပါလိမ့်မယ်။

ယခုလွှတ်တော်ကိုရပ်နားပြီးမေလနောက်ဆုံးပတ်မှာပြန်ခေါ်ဖို့ လျာထားပါတယ်။ ဒါကြောင့် လွှတ်တော်ရပ်နားထားစဥ် ကာလအတွင်း ပြည်သူ့အာဏာ ထက်မြက်ရေးအတွက် ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်အောင် ကြိုးစားခဲ့ကြဖို့ မှာကြားရင်း နှုတ်ဆက်လိုက်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၀) ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၅း၂၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၅း၂၁။**

ပြည်ထောင်စုလွှတ်တော်ကို ဆက်လက် ချီတက်ကြပါစို့၊

**အချိန်၊ ၁၅း၂၃။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အချိန်၊ ၁၅း၂၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တို့ ဆွေးနွေးပြီးတော့ ပြင်ဆင်ချက် များနဲ့ သဘောတူပြီး ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ပေးပို့ထားတာရှိပါတယ်။ ဒါကိုလေးပဲ ကျွန်တော်တို့ ကိုယ်စားလှယ်များထံကို ဖြန့်ဝေထားပြီး ဖြစ်ပါတယ်ခင်ဗျား။ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော် တို့ လွှတ်တော်ရပ်နားတဲ့အခါမှာ ကိုယ်စားလှယ်များ လေ့လာထားနိုင်ပါရန်နှင့် ကျွန်တော်တို့ မေလ နောက်ဆုံးပတ်ခန့်မှာ လွှတ်တော်ခေါ်ယူ ခေါ်ခြင်းပဲ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

နဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၂၃။**

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ အစည်းအဝေးကို နေ့လည် ၁၅း၂၃ နာရီအချိန်တွင် ရပ်နားပါသည်။]